# အကြောင်းပြတရား

# အခန်းခေါင်းစဉ်


| အခန်း | အမည် | စာမျက်နှာ |
|---|---|---|
| က | အကြောင်းပြစကား | ၁ |
| ခ | ရည်ရွယ်ချက် | ၃ |
| ဂ | သိကောင်းစရာ | ၅ |
| ၁ | ခံနိုင်ရည် | ၉ |
| ၂ | အရှုံးအနိုင် | ၁၆ |
| ၃ | အရှုတ်တော်ပုံ | ၂၃ |
| ၄ | ဥာဏ်ကြီးရှင် | ၃၂ |
| ၅ | သူ့လက်သံ | ၄၀ |
| ၆ | သက်ဆုံးတိုင် | ၄၆ |
| ၇ | မောင်သစ္စာ | ၅၃ |
| ၈ | စံပြလုပ်သား | ၆၂ |
| ၉ | သူ့အချစ် | ၇၀ |
| ၁၀ | ကြို့ခိုင်ရေး | ၇၇ |
| ဃ | ဓမ္မလက်ဆောင် | ၈၃ |
| င | ပါရမီဘုရားရှိခိုး | ၉၂ |
| စ | မေတ္တာသံ | ၉၃ |

# (က) အကြောင်းပြစကား

အဟောဝတ မေဓမ္မံ ဒေသေယျုံ
သုတွာစ ဓမ္မံ အာဇာနေယျုံ
အာဇာနိတွာစ ပနတထတ္တာယ ပဋိပဇ္ဇေယျုံ

(သံယုတ် ပါဠိတော် နိဒါနဝဂ်)

၁။ ငါဟောကြားသော တရားတော်ကိုကောင်းမွန်စွာ နာကြားကြပါမူကား ကောင်းလေစွတကား။

၂။ တရားတော်ကို နာကြားကြပြီး၍ တရား၏ အရသာကို ထိရောက်စွာ သိနားလည်ကြပါမူကား ကောင်းလေစွ၊

၃။ ထိုသို့သိနားလည်းမှု ရကြပြီးနောက် ဟုတ်တိုင်းမှန်စွာ ယထာဘူတကျကျ ကျင့်ကြံလိုက်နာကြပါမူကား အတိုင်းအထက် အလွန်ကောင်းလေစွ။

အထက်ပါ အချက် (၃)ချက်နှင့် ညီညွတ်စွာ စိတ်ထား၍ ဟောကြားအပ်သော တရားတော်သည် 'ပရိသုဒ္ဓ ဓမ္မဒေသနာ' စင်ကြယ် သန့်ရှင်းလှသော တရားဒေသနာတော် ဖြစ်သည်ဟု တရားမင်းအဖြစ် ဗုဒ္ဓအစစ်က ထုတ်ဟ၍ လှစ်ဖော်မူခဲ့ပေသည်။

ဤသို့ ဟောကြားတော်မူခဲ့သည့်အတိုင်း ပထမဦးစွာ တရားနာခြင်း၌ အလေ့အထဝါသနာ ရှိကြကုန်သော ဓမ္မသဝန, ပုဂ္ဂိုလ်အပေါင်းတို့ နာကြားစေလိုသော ဆန္ဒဖြင့် ပင်တိုင်ပါရမီ

(၁၀)ပါးတို့ကို ဝါတွင်း သုံးလဥပုသ်နေ့ကျတိုင်း သိုင်းသိုင်း ဝိုင်းဝိုင်း ဟောကြားခဲ့ပေသည်။

ထို့နောက်(၂)နံပါတ်အရ တရားသဘောအမှန်ကို ဧကန် ဧကသိစေခြင်းငှာ ဆိုင်ရာဆိုင်ရာ သာဓကဝတ္ထု၊ ဆောင်ပုဒ်၊ ကဗျာ မြန်မာ၊ စကားပြေ အထွေထွေတို့ဖြင့် တန်းဆာဆင်၍ တွင်တွင် ကြီးဟောကြားခဲ့ပေသည်။

ထို့နောက်(၃)နံပါတ်အရ မိမိတို့၏ ဓမ္မနားဖြင့် မှတ်သားပြီး ဖြစ်သော တရားလမ်းစဉ်ကို ကျင့်ကြံလိုက်နာကြရတယ်။ (နာနာ ရမ္မဏ) အာရုံများပြားမှုကြောင့် သဘောမပေါက် နားမလည် ဖြစ်ခဲ့သော်ငြား၊ (ဃရာဝါသဗဟုကိစ္စ)အမှုကိစ္စများပြားမှုကြောင့် ဥပုဒ်စဉ် မလာရောက်နိုင်ဘဲ ဖြစ်ခဲ့သော်ငြား၊ (သို့မဟုတ်) ယခု ဟောကြားပြီး ဖြစ်သော ပါရမီအားလုံး စေ့စေ့စပ်စပ် ပြန်လှန်လေ့လာနိုင်စေခြင်းငှာ ဝါတွင်းသုံးလပတ်လုံး ဟောပြီး သမျှ ဓမ္မအပေါင်းကို စုဆောင်းလျှက် **''ပါရမီ အလင်းရောင်''** ဟူသော အမည်သညာဖြင့် စီစဉ်ကာ ထုတ်ဝေလိုက်ခြင်း ဖြစ်ပေ သည်။ လေ့လာဘတ်ရှုကြသော ပါရမီဖြည့်စွမ်းသူ အပေါင်းတို့ ကောင်းကောင်းကြီး လိုက်နာကျင့်သုံးနိုင်ကြစေသတည်း။

(ပုံ)

ဦးကောသလ္လ

(သာသနဓဇ ဓမ္မာစရိယ)

# (ခ) ရည်ရွယ်ချက်

သုခေါ ဗုဒ္ဓါနမုပ္ပါဒေါ၊ သုခါ သဒ္ဓမ္မဒေသနာ
သုခါ သံဃဿ သမဂ္ဂီ၊ သမဂ္ဂါနံ တပေါ သုခေါ။

၁။ ဘုရားအရှင်တို့ပွင့်တော်မူလာခြင်းသည် ချမ်းသာ၏။

၂။ တရားတော်ကိုဟောကြားမှုသည် ချမ်းသာ၏။

၃။ သံဃာတို့၏ညီညွတ်မှုသည် ချမ်းသာ၏။

၄။ ညီညွတ်မှုရှိသူတို့၏ အကျင့်လုပ်ငန်းသည် ချမ်းသာ၏။

ဗုဒ္ဓအရှင်သည် ဤချမ်းသာခြင်းလေးမျိုးကို ဓမ္မပဒပါဠိတော်၌ ဟောကြားတော်မူခဲ့ပေသည်။ ထိုလေးမျိုးတို့တွင် ဘုရားရှင်တို့ပွင့်တော်မူလာခြင်းဟူသောပထမအချက်သည်သာလျှင်အဓိကအချက် ဖြစ်ကြောင်းကို တွေ့ကြရပေမည်၊ ထိုအချက် ဖြစ်ပေါ်လာသော ကြောင့်သာ ကျန်အချက်များ ပေါ်ပေါက်လာရသည်မှာ သိသာ ထင်ရှားလှပေတော့သည်။ ထိုဗုဒ္ဓအရှင်ဟူသော "သဗ္ဗညု" အဖြစ် ကိုအမည်ခံနိုင်ရန် မည်မျှသောဇွဲနှင့် အင်အားကို အသုံးပြုခဲ့ရလေ သနည်းဆိုသောလက်ရင်းအချက်ကို တွေးတောဆင်ခြင်မိသောအ ခါဘုရားရှင်တို့၏ "သဗ္ဗသ[illegible]စာရဏာ" ဂုဏ်[illegible]အပေါင်းတို့ ကလို အလျှောက် ပေါ်ပေါက်လာရပေတော့မည်။ ထို့အပြင်ကိုယ်အား ဉာဏ်အားဖြင့် စွန့်စားကြိုးပန်းသူတို့၏ အောင်မြင်မှုသည်လည်း တအံ့တသြပင်ဖြစ်ကြောင်း ပေါ်လွင်မည်ဖြစ်ပေသည်။

ပင့်လောမနည်းအားဖြင့် တွက်ဆ၍ကြည့်သော် ဗုဒ္ဓဘာသာ လူသား အပေါင်းတို့ လက်တွေ့ ခံစားနေကြသော ဓမ္မလမ်း

ကြောင်းအမျိုးမျိုးကို တွေ့ရခြင်းသည် ဘုရားရှင် ဟောတော်မူခဲ့ခြင်းကြောင့်ဖြစ်သည်။

ဘုရားရှင်ဟောတော်မူနိုင်ခြင်းသည်နေရာမရွေး, အချိန်မရွေး, အမျိုးအစားမရွေး သိနိုင်စွမ်းရှိသော ''သဗ္ဗညုတ'' ဉာဏ်တော် လက်ကိုင်ရှိခြင်းကြောင့်ဖြစ်သည်။

ထိုဉာဏ်တော်ကို လက်ကိုင်ထားနိုင်ခြင်းသည် ပါရမီတို့ကို ကိုယ်နှုတ်စိတ်တို့ဖြင့် နောက်မဆုတ်တမ်း ကြိုးပမ်းစွမ်းဆောင်နိုင်ခြင်းကြောင့်သာဖြစ်သည်။

ထို့ကြောင့် အခက်အခဲပေါင်းများစွာကိုဖြတ်သန်းကျော်လွှားပြီးမှ ဂုဏ်ပေါင်းရန့်ခ မြတ်ဗုဒ္ဓအဖြစ် ဝန်ခံချက် ပေးနိုင်ခဲ့သော ဘုရားရှင်သည် ငါတို့ လိုက်နာလျှက် ရှိသော တရားလမ်းစဉ် အစားစားကို ဟောကြားနိုင်ခဲ့သည်ဟု ဘုရားရှင်အပေါ်၌ ခိုင်မြဲသောယုံကြည်ချက်၊ သဒ္ဓါပသဒ္ဒ ဖြစ်ပေါ်လာမည်။ ပုဂ္ဂိုလ်မြင်မှ တရားမြင်ဆိုသောစကားအရ ဘုရားရှင်၌ ယုံကြည်ချက်ရှိမှသာ ဘုရားရှင်၏တရားတော်၌ သက်ဝင်ယုံကြည်မှု၊ 'ဩကပ္ပနသဒ္ဓါ'ဖြစ်ပေါ်လာနိုင်ပေလိမ့်မည် တရားတော်၌ ယုံကြည်ချက် ခိုင်မြဲမှကာ သန္နိဋ္ဌိက၊ အကာလိကဟူသော မျက်ဝါးထင်ထင် အကျိုးအချိန်မနှောင်းမှီအကျိုးမျှော်ကိုး၍ အားထုတ်နိုင်ကြပေမည်။

ဤသဘောထားကို မနေသထားတော်မူသော အထကထာဆရာသည်။ တရားအားထုပ်လိုသော် ရောဂါဝစရ ပုဂ္ဂိုလ်မှန်သမျှတို့သည် မိမိတို့ဆိုင်ရာတရား အားမထုတ်မှီ၊ စိတ်ဓါတ်၏ဒီတိပါမောပါမောဇ္ဇှဟူသောနှစ်သက်ရွှင်လန်းတတ်ကြွစေခြင်းငှါ ရှေ့ဦးစွာ

ဘုရားဂုဏတော် ဗုဒ္ဓနုဿတိ အာရုံကိုပွားများ အားထုတ်ရမည်ဟု ဝသုဒ္ဓိမဂ် အဌကထာ၌ မိန့်ဆိုတော်မူခဲ့လေသည်။

သို့ဖြစ်၍ တရား၏ရှေ့မှ ဘုရားရှိသည်ဟူသောအသိစိတ်ဓါတ်မျိုးကို တရားအားထုတ်သော် ယောဂီပုဂ္ဂိုလ်တိုင်း ကိန်းအောင်း၍အသိရောက်နိုင်စေရန်ရည်ရွယ်လျက် ဤပါရမီအလင်းမည်သော ဒေသနာစဉ်ကို ဝါတွင်း သုံးလပတ်လုံးကို ဟောကြားမှတ်တမ်းထားကာ ဒါနပါရမီဖြည့်စွမ်းကြသော ဒါယိကာ ဒါယိကာမအပေါင်းတို့၏ စေတနာအရ ပေလိုက်ရခြင်းဖြစ်ပါသည်။

# (၈) သိကောင်းစရာများ

စိန္တိတံ သတ္တသင်္ချေယျံ၊ နဝသင်္ချေယျဝါစကံ

ကာယဝါစံ စတုချာတံ၊ ဗုဒ္ဓတ္တံ သမုပါဂမိ။

မြတ်ဘုရားသခင်သည် ဗုဒ္ဓအဖြစ်သို့ရောက်နိုင်ရန် စိတ်တော်ဖြင့် ကြံတ်၍ ကြံစည်ဆုပန်ခဲ့သည်ကား (၇) သင်္ချေ ကြာခဲ့၏။ နှပ်မြွက်၍ ဆုပန်ခဲ့သည်ကား (၉) သင်္ချေကြာခဲ့၏။ နှပ်မြွက်၍ တမျိုး ကိုယ်နှင့်တထပ် ရောစပ်ဆုပန်ကာ ပါရမီဖြည့်တော်မူခဲ့သည်ကား (၄)သင်္ချေတိတိကြာမြင့်ခဲ့၏။

ပါရမီဆိုသည်မှာ ပါရံ့ဂစ္ဆန္တိ တေဟာတိပါရမီ ဟူသောဝစနတ္ထအရ ဒါနအစရှိသော ပြုစရာ အစားစား လက်ကိုင်တရားဖြင့် ချမ်းသာဆင်းရဲ ဒွန်တွဲမပြတ် ရှုတ်ရှက်ခတ်သော ဤဘက်သံသရာ ဆိတ်ကမ်းမဟာမှ သန့်ရှင်းရေး အစွမ်းကုန်ရှိသော ဟိုမှာ

ဘက်ကမ်း နိဗ္ဗာန်နန်းသို့ဖြောင့်တန်းစွာ သွားရောက်ကူးမြောက်ကြောင်း ဖြစ်သောကြောင့် ပါရမီဟုခေါ်သည်။

အနည်း။ ။ပရမာနံ ဣဒံ ကမ္မံ ပါရမီ ဟူသော ဝစနတ္ထအရ သာမာန်လူတို့ထက် ထူးချွန်သော သမ္မာသမ္ဗောဓိ ပစ္စေက ဗောဓိ အစရှိသော ဗောဓိဝင်ပုဂ္ဂိုလ်တို့၏ ပစ္စည်းဥစ္စာ ဖြစ်သောကြောင့် ပါရမီ ဟုခေါ်သည်။

ပါရမီအရ တရားကိုကောက်ယူသော် မဟာကုသိုလ်စိတ်ကို ရအပ်၏။ ထိုကုသိုလ်သည်ဗောဓိ(၅)မျိုးတို့တွင် တမျိုးမျိုးကိုရည်မှန်း၍ပြုသော် ပါရမီကုသိုလ်မည်၏။ လောကီစည်းစိမ်ကိုရည်မှန်း၍ သော်၎င်း၊ အမှတ်ပြုသော်၎င်း၊ သာမည မဟာကုသိုလ်မည်၏။

## ပါရမီ အမျိုးအစားများကား

ဒါနံသီလံ နိက္ခမ္မ ပညာဝိရိယခန္တိယော
သစ္စာဓိဋ္ဌာန မေတ္တာစ၊ ဥပေက္ခာ ဒသပါရမီ။

၁။ ဒါနပါရမီ လှူဒါန်းမှုနှင့် ကူးမြောက်ခြင်း။
၂။ သီလပါရမီ ထိန်းမှုနှင့် ကူးမြောက်ခြင်း။
၃။ နိက္ခမပါရမီ တောထွက်မှုနှင့် ကူးမြောက်ခြင်း။
၄။ ပညာ ပါရမီ အသိစိတ်ဓါတ်ဖြင့် ကူးမြောက်ခြင်း။
၅။ ဝိရိယ ပါရမီ အားဆုတ်မှုနှင့် ကူးမြောက်ခြင်း။
၆။ ခန္တီပါရမီ သီးခံမှုနှင့် ကူးမြောက်ခြင်း။
၇။ သစ္စာပါရမီ မှန်ကန်မှုနှင့် ကူးမြောက်ခြင်း။
၈။ အဓိဋ္ဌာန် ပါရမီ တည်ကြည်မှုနှင့် ကူးမြောက်ခြင်း။

၉။ မေတ္တာ ပါရမီ   ချစ်ခင်မှုနှင့် ကူးမြောက်ခြင်း။
၁၀။ ဥပေက္ခာ ပါရမီ  မတုန်လှုပ်မှုဖြင့် ကူးမြောက်ခြင်း။

ဤပါရမီ ဆယ်မျိုးကား အမြတ်ည်ရှိအပ်သော အမာခံပင်တိုင် ပါရမီများ ဖြစ်ကြသည်။

ထို (၁၀)မျိုးကိုပင်လျှင်  ခြေလက်၊ အင်္ဂါအသွေးအသား စသော ခန္ဓာကိုယ် တစိတ်တဒေသ အဆုံးအရှုံး အနစ်နာခံ၍ ဖြည့်စွမ်းခဲ့သော် (ပရမတ္ထ ပါရမီ) အမြတ်ဆုံး (၁၀)မျိုးဖြစ်၏။

ထို့ကြောင့်ပင်တိုင် ပါရမီ (၁၀)မျိုး။

ဥပပါရမီ(၁၀)မျိုး။ ပရမတ္ထ ပါရမီ(၁၀)မျိုးအားဖြင့် ပါရမီ ပေါင်း (၃၀) ဖြစ်သည်။

ဆိုခဲ့သော ပါရမီပေါင်း(၃၀)ကို—

၁။ သမ္မာသမ္ဗောဓိ ဘုရားဖြစ်ရန် ဖြည့်ကျင့်ခြင်း။
၂။ ပစ္စေက ဗောဓိ သာသနာပ အခါဘုရားငယ်ဖြစ်ရန်။
၃။ သာဝကဗောဓိ (အဂ္ဂသာဝက) လက်ဝဲရံ၊ လက်ျာရံ ဖြစ်ရန် (မဟာသာဝက) ဧတဒဂ်ရ ဖြစ်ရန် (ပကတိ သာဝက ရိုးရိုးရဟန္တာဖြစ်ရန် ဖြည့်ကျင့်ခြင်းအားဖြင့် ဗောဓိသုံးနှင့် မြောက်ပွားတော် ပါရမီ (၉၀)ဖြစ်၏။

ထိုပါရမီပေါင်း (၉၀)ကို

၁။ ဆန္ဒာဓိပတိ အလိုကြီးမှုခြင်း။
၂။ စိတ္တာဓိပတိ စိတ်ကြီးမှုခြင်း။
၃။ ဝိရိယ ဓိပတိ လုံ့လကြီးမှုခြင်း။

၄။ ဝိမံသာဓိပတိ ပညာကြီးမှုးခြင်းအားဖြင့် ဤလေးပါးမျိုးနှင့် မြှောက်ပွားသော် ပါရမီပေါင်း (၃၆၀)ဖြစ်၏။

ဖြည့်ကျင့်ရမည့် သက်တမ်းကား ပညာဓိက ဘုရားတို့မှာ လေးသင်္ချေနှင့် ကမ္ဘာတသိန်း ဖြည့်ရသည်။ သဒ္ဓါဓိက ဘုရားတို့မှာ ရှစ်သင်္ချေနှင့် ကမ္ဘာတသိန်း၊ ဝိရိယဓိက ဘုရားတို့မှာ တဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတသိန်း အသီးသီး ဖြည့်ကျင့်တော်မူရသည်။

ပစ္စေက ဗောဓိဖြစ်လိုတို့သူမှာ နှစ်သင်္ချေနှင့် ကမ္ဘာတသိန်း ဖြည့်ကျင့်ရသည်။

အဂ္ဂသာဝက ဖြစ်လိုသူတို့မှာ နှစ်သင်္ချေနှင့် ကမ္ဘာတသိန်း ဖြည့်ကျင့်ရသည်။

မဟာသာဝက ဖြစ်လို့သူတို့မှာ ကမ္ဘာတသိန်း ဖြည့်ရသည်။ ပကတိသာဝကအဖြစ်ဖြင့် ရဟန္တာဖြစ်၍ နိဗ္ဗာန် ဝင်လိုသူတို့မှာစား အဆင့်အတန်း အပိုင်းအခြားမရှိ တတ်နိုင်သမျှ ဖြည့်ကျင့်ခဲ့လျှင်ပင် အဆင်သင့်သလိုဖြစ်နိုင်သည်။

ဗုဒ္ဓဘာသာဝင်မှန်သမျှတို့သည် ပြခဲ့ပြီးသော ဗောဓိဆု(၃)မျိုးသို့မဟုတ်(၅)မျိုးတို့တွင် မိမိတို့၏ ကြိုက်နှစ်သက်ရာ တမျိုးမျိုးကို ဆုပန်၍ ပါရမီများကို အင်အားရှိသမျှ အားထုတ်ကြကုန်၏။

ယခုအခါ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတော်မြတ်ကို ရပါလို၏အရှင်ဘုရားဟု ဆုပန်ခြင်းသည် သာဝကဗောဓိသုံးမျိုးတို့တွင် ပကတိသာဝကဆုကိုပန်ခြင်းသည်ဟုမှတ်ယူအပ်၏။

## ပါရမီစဉ်ဆောင်ပုဒ်

ဒါန၊ သီလ၊ နိက္ခမနှင့်
တဝပညာ, ဝိရိယာမှီ
ခန္တီ သစ္စာ,ထည့်ပါမိဋ္ဌာန်
တဖန်မေတ္တာ၊ ဥပေက္ခာဟု
ဆယ်ဖြာစုသည်သိမှုပါရမီစဉ်တမ်းတည်း။

# (၁) ခံနိုင်ရည်

ဒါနနှင့် မေတ္တာကဗျာ
အလောင်းတော်များဘဝနဲ့ အစစတူယှဉ်ကာညီ၊
စွန့်ကြဲကာလာကြတဲ့ ဒါနကွဲ့ ပါရမီ၊
ဖြည့်စွမ်းကာ အားသစ်မှ ဘုရားအဖြစ် ရောက်တော်မူလာသည်၊
သဗ္ဗညုရှိန် တံခိုးမှို့ ဦးနှိမ်ချိုးလို့ ရှိခိုးအဥ္စလီ။ ။
အဲဒါကြောင့် ဖန်ဖန်မသွေ၊
မှန်ကန်သော သစ္စာစကားကြောင့်ပေ၊
တို့သူငါ သတ္တဝါများဝေဏော၊
ကျန်းမာကြစေ ချမ်းသာကြစေ၊
အားလုံးဘဲရွှင်ပြုံးကြပါစေ။ ။

ဤဒါနပါရမီနှင့် ပတ်သက်၍ တေရသနိပါတ်၌ ဟောကြားတော်မူခဲ့သော "အကတ္တိ" ဇာတ်တော်ကို ထုတ်ဖော်၍ကြည့်ရှုအပ်၏။

ရှေးလွန်လေပြီးသော နှောင်းခေတ်အချိန့်အခါ ဗာရာဏသီ ပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုလေသည်။ ထိုအခါ ဂေါတမ ဘုရား အလောင်းသည် ကုဋေရှစ်ဆယ်ကြွယ်ဝသော ဗြဟ္မဏမဟာလလ္လ ပုဏ္ဏားမျိုး၌ဖြစ်လေ၏။

အရွယ်ရောက်သောအခါ နယ်ဝေးမြေခြားသို့သွား၍ ပညာ ဆီးပူးလေ့လာ၍ ပြန်ရောက်ရာ မိဘများ သေဆုံးသည့် ကိစ္စနှင့် ကြုံရလေသည်။မိဘများကိုကောင်းမွန်စွာ သင်္ဂြိုဟ်ပြီးလျှင် ငါသည် ရဟန်း ပြုတော့အံ့ဟုဆို၍ ရှိပစ္စည်းအားလုံးကို မိမိ၏ နှမအား အပ်နှင်းလေသည်။ ထိုအခါနှမတော်သူကလည်း ပစ္စည်းများစွာ ထိန်းသိမ်းရန် မလိုလားတော့ဘဲ အကိုနှင့်အတူ ရဟန်းပြုအံ့ဟု ဆိုလေသည်။

ထို့နောက် ပစ္စည်းဖြင့် အလိုရှိသူ ဟူသမျှတို့သည် အကတ္တိ ပညာရှိအိမ်သို့လာရောက် အလှူခံကြကုန်လော့ဟု စည်လည်စေ၍ လူမျိုးမရွေး ပုဂ္ဂိုလ်မရွေး အဆင့်အတန်းမရွေး အလှူခံပုဂ္ဂိုလ် တို့အား (၇)ရက်ပတ်လုံး လှူဒါန်းသော်လည်း မကုန်ခန်းနိုင်လေ ရာ ရှိသမျှ ဘဏ်တိုက်အားလုံးကိုဖွင့်၍ အဆောက်အဦး မြေနေရာ နှင့်တကွ လှူဒါန်းပြီးလျှင် ဆွေမျိုးအပေါင်းတို့ ငိုယိုနေစဉ်ပင်လျှင် နှမနှင့်အတူ သုံးယူဇနာဝေးသော တောသို့သွားကာ စိတ်ကြည် သက်ဖွယ်အရပ်၌ ရဟန်းပြု၍ နေကြကုန်၏။

ထိုအခါမှ၍ မြို့ပြကျေးလက်ရှိ သူတို့သည် သတင်းကြား၍ လာ ရောက် ရဟန်းပြုကြသဖြင့် ပူဇော်သက္ကာရနှင့် အခြံအရံ ပရိသတ် များပြားစည်းကားလျက်ရှိလေသည်။ ထိုအခါဘုရားလောင်းသည်

ငြိးငွေ့သဖြင့် နှမကိုပင် မတိုင်ပင်မူ၍ တယောက်ထည်းထွက်ခဲ့ကာ ဒမိဠတိုင်းသို့ရောက်၍ တခုသော ဥယျာဉ်၌နေလျှက် တရားအား ထုတ်ရာ ဈာန်းအဘိညာဉ်သမာပတ်တို့နှင့် ပြည့်စုံလေသည်။

ထိုဥယျာဉ်၌လည်း လူအများသိ၍ ပူဇော် သက္ကာရများလာ ပြန်သောအခါ ကောင်းကင်ခရီးဖြင့် ဈာန်ဟုန်စီး၍ ထွက်လာခဲ့ရာ လူတို့မရောက်နိုင်သော "ကာရဒီပ"ကျွန်းသို့ရောက်လေသည်။ ထို ကျွန်း၌ ကံပြင်းပင်ကို အမှီပြုနေလေ၏။

ထိုအခါ ဘုရားလောင်းသည် ထိုကံပြင်းပင်အောက်မှ မထွက်မူ၍ ထိုအပင်မှ အပွင့်ရှိလျှင် အပွင့်ကို စား၏ အသီးရှိလျှင် အသီးကို စား၏ အပွင့် အသီးများ မရှိလျှင် အရွက်က စားသောက်ကာ တရားဖြင့် မွေ့လျော်နေလေသည်။

ထိုအချိန်အခါ၀ယ် ဘုရားလောင်း၏ အကျင့် တံခိုးကြောင့် သိကြားမင်း၏ ကျောက်ဖြာတင်းမာလေလျှင် လူ့ပြည့်သို့ကြည့်ရာ ဘုရားလောင်းကို မြင်လေသည်။ သိကြားမင်းသည် မိမိစည်းစိမ်ကို လုယူမည့်အရေး တွေးတော ပူပန်စွာဖြင့် မုဏ္ဍားယောင်ဆောင်ကာ ဘုရားလောင်းရှိရာ ဆင်းသက်ခဲ့၍ ကံပြင်းရွက်ပြုတ်ကို စားမည်ပြင်နေသူ ဘုရားလောင်းထံမှ ထိုကံပြင်းရွက်ပြုတ် အားလုံးကို အလှူခံလေသည်။ အကတ္တိဘုရားလောင်းသည်လည်း ဘုရားဖြစ်ရန် ရည်မှန်း၍ လှူဒါန်းပြီးလျှင် အောင်မြင်စွာ လှူဒါန်း နိုင်ခဲ့သော ဒါနလုပ်ငန်းအတွက် နှစ်သက်ဝမ်းမြောက်သော ပီတိဖြင့်သာလျှင် တနေ့တာ ကုန်ဆုံးလေသတည်း။

နောက်ရက်များတွင် ရှေးနည်း အတူပင်လျှင် အလှူခံပြန်သဖြင့် မိမိကိုယ်တိုင် အစာငတ်ခံ၍လှူဒါန်းခဲ့ရာ လေးရက်မြောက်

သော သကြ်ာ းမင်းသည် အခကယ်၌ အစာငတ်ခံရင်း ဘုရား လောင်းသေဆုံးခဲ့သော် လူသတ်ကောင် သိကြားမင်းဖြစ်ရန်စိုးရိမ် တာကတကြောင်း မိမိ၏သကြားစည်းစိမ်ကို လုယူမည်စိုးရိမ် သည်ကတကြောင်းများကြောင့် သိကြားမင်းသည် အကတ္တိဘုရား လောင်း ရည်မှန်းချက်ကို အောက်ပါအတိုင်း မေးမြန်း စုံစမ်း လေသည်။

## သိကြားမင်းအမေး

အကတ္တိ ဒိသွာသမ္ဗန္တံ၊သက္ကော သူတပတိဗြဝိ
ကိံပတ္ထယံ မဟာဗြဟ္မေ၊ကော သမ္မသိဃမ္မနိ

## မြန်မာပြန်

| | |
|---|---|
| သမ္ဗန္တံ | ငြိမ်သက်စွာနေသော |
| အကတ္တိံ | အကတ္တိမည်သောရှင်ရသေ့ကို |
| ဒိသွာ | မြင်၍ |
| ဘူတပတိ | သတ္တဝါတို့၏အရှင်ဖြစ်သော |
| သက္ကော | သိကြားမင်းသည် |
| အဗြဝိ | ဤစကားကိုဆိုပြီး |
| မဟာဗြဟ္မေ | အိုပုဏ္ဏားမြတ် |
| ကိံပတ္ထယံ | အဘယ်ကိုရည်မှန်းလျက် |
| ဃမ္မနိ | ပူပြင်းလှသောအရပ်၌ |
| ကော | အဖေါ်မမှည်းတကိုယ်တည်း |
| သမ္မသိ | ချမ်းစွာနေပါသနည်း။ |

# စကားပြေ

သကြားမင်းသည် အကတ္တိရသေ့ကိုမြင်၍ "အသင် ပုဏ္ဏား အဘယ်ကို ရည်မှန်းလျက် ပူပြင်းလှသော ဤအရပ်၌ တယောက်ထည်းထည်း နေဘိသနည်း"ဟု မေးလေသည်။

# ရသေ့အဖြေ

ဒုက္ခောပုနပ္ပုဝေါသက္က၊ သရီရဿဘေဒနံ

သမ္မောဟမရဏံဒုက္ခံ၊ တသ္မာသမ္မသိဝါသဝ

# မြန်မာပြန်

| | |
|---|---|
| သက္က | သိကြားမင်း |
| ပုနပ္ပုဝေါ | တဖန်ဘဝသစ်၌ဖြစ်ရခြင်းသည် |
| ဒုက္ခော | ဆင်းရဲ၏ |
| သရီရဿ | ကိုယ်ခန္ဓာ၏ |
| ဘေဒနံ | ပျက်ရခြင်းသည် |
| သမ္မောဟမရဏံ | တွေဝေလျက်သေရခြင်း |
| ဒုက္ခံ | ဆင်းရဲ၏။ |
| ဝါသဝ | သိကြားမင်း |
| တသ္မာ | ထိုဘဝသစ်၌ဖြစ်ရခြင်း၊ ကိုယ်ခန္ဓာပျက်ရခြင်းကြောင့် |
| သမ္မသိ | ငြိမ်သက်စွာနေပါသည်။ |

## စကားပြေ

အသင် သိကြားမင်း တဖန်ဘဝသစ်၌ ဖြစ်ရခြင်း လက်ရှိခန္ဓာကိုယ်၏ ပျက်စီးရခြင်းသည်

ဆင်းရဲတွင်းနက်လှပေ၏၊ သို့ပါသောကြောင့် ဗုဒ္ဓအဖြစ်ဖြင့် ထိုဆင်းရဲခြင်းမရှိသော နိဗ္ဗာန်ကို ရည်သန်တောင့်တလျက် ငြိမ်သက်စွာနေပါသည်ဟု အဖြေပေးလေသည်။

သိကြားမင်းသည် ဘုရားလောင်းရှင်ရသေ့အဖြေကို ကြားရသောအခါ ဝမ်းမြောက်လှသည်ဖြစ်၍ 'ရှင်ရသေ့'အသင်လိုလားသောအချက်အလက်များကို တောင်းလော့၊ ကျွန်ုပ် ပြည့်စုံအောင်ပေးအံ့ဟုဆိုလေသည်။

## ဘုရားလောင်း၏ လိုလားချက်များ

၁။ စည်းစိမ်အားလုံး၌ လက်စမသိမ်းနိုင်သော 'လောဘ' မှ ကောင်းစွာ ကင်းရှင်းရလို၏။

၂။ စည်းစိမ်အားလုံးကို ဆုံးရှုံးစေတတ်သော 'ဒေါသ'မှ ကောင်းစွာ ကင်းရှင်းရလို၏

၃။ အကျိုးမဲ့ ပျက်စီးခြင်းကို ပြုတတ်သော သူမိုက်တို့နှင့် မဆက်ဆံ မပြောဆိုရလို။

၄။ အကျိုးအကြောင်း ညှိနှိုင်းဆင်ခြင်တတ်သော ပညာရှိတို့နှင့် အချိန်မရွေး ဆက်ဆံရလို၏

၅။ နေ့စဉ်နေ့ထွက်သောအခါ၌ နတ်၌ဖြစ်သော အစားအစာ နှင့် သီလရှိသော အလှူခံတို့ ထင်ရှားရှိစေသတည်း

၆။ ယနေ့မှစ၍ ကျွန်ုပ်ရှိရာ အရပ်သို့ ဘယ်သောအခါမှ မလာရောက်စေလို။

သိကြားမင်းသည် ရှင်ရသေ့၏၊ လိုလားချက်များကို အားလုံးပေး၍ ရှိခိုးပြီးလျှင် ပြန်သွားလေသတည်း။

## ဇာတ်သိမ်း

ဤခံနိုင်ရည် တရားတော်၌ ပါဝင်သော ဇာတ်ကောင်တို့တွင်

၁။ အကဏှိရသေ့သည် ဂေါတမဘုရားအလောင်း

၂။ သိကြားမင်းသည် အရှင်အနုရုဒ္ဓါအလောင်း

၃။ ရသေ့၏ နှမသည် ဥပ္ပလဝဏ်ထေရီအလောင်း

၄။ ထိုအချိန်က ဘုရား အလောင်းနောက်သို့ ဝိုင်းဝန်းနေကြသော အခြေအရံတို့သည်ကား ယခုအခါ ဗုဒ္ဓပရိသတ်တို့ ဖြစ်ကြလေသည်။

## သင်္ဂဟ ကဗျာများ။

၁။ ကဏှိဟု မည်ဘိနာမ
သူဌေးပုဏ္ဏား ဖြစ်ငြားဗာရာ
ပစ္စည်းအားလုံး သိမ်းကြုံးလှူခါ
မြတ်ရဟန်း တက်လှမ်းကျင့်မွှာ

၂။ ကာရဒီပကျွန်း၀ရောက်စဉ်
ကံပြင်းရွက်နုတ် ရေပြုတ်ပြီးလျှင်
ပုဏ္ဏားယောင်ပြု အလှူခံ၀င်
ကိုယ်မစားလှူပြောသုံးရက်ပင်

၃။ အစာမစား လှူပြောပါပြီ
ဒါနခဏ်းဖြင့် ထွက်လှမ်းခါမှီ
ဘုရားတို့ထုံး ကျင့်သုံး၀သီ
အမည်ပြု ခေါ်မှုခံနိုင်ရည်

ဒါနပါရမီခဏ်းပြီး၏

# ( ၂ ) အခ္ခန်းအခန်း

## "သီလနှင့် မေတ္တာကဗျာ"

အလောင်းတော်များဘ၀နဲ့ အစစတူယှဉ်ကာညီ
စောင့်ထိမ်းကာမှီးကြတဲ့ သီလကွဲ့ပါရမီ
ဖြည့်စွမ်းကာအားသစ်မှ ဘုရားအဖြစ်ရောက်တော်မူလာသည်
သဗ္ဗညုအရှိန်ဘုံခိုးမှီ့ ဦးနှိမ်ချိုးလိုရှိခိုးအစွလီ
အဲဒါကြောင့် ဖန်ဖန်မသွေ
မှန်ကန်သော သစ္စာစကားကြောင့်ပေ
တို့သူငါ သတ္တ၀ါများ၀ဝေကော
ကျမ္မာကြစေ ချမ်းသာကြစေ
အားလုံးရွှင်ပြုံးကြပါစေ

သီလပါရမီဆိုသည်မှာ သီလေနပါရမီ သီလပါရမီဟု ဝစနတ္တ ပြု၍ စောင့်ထိန်းမှုသီလဖြင့် ကမ်းတစာက်သို့ ကူးမြောက်ခြင်းကို ဆိုလိုပါသည်။

ထိုသီလပါရမီနှင့် ပတ်သက်၍ ဝိသတိနိပါတ်၌ ဟောကြား တော်မူခဲ့သော 'စမ္ပေယျ' ဇာတ်တော်ကို ထုတ်ဆော်၍ကြည့်ရှုအပ်၏။

လွန်လေပြီးသော ခနောင်းခေတ်အချိန်အခါက အင်္ဂတိုင်းနှင့် မဂဓတိုင်းတို့၏အကြား စမ္ပာမည်သောမြစ်၌ဘောဂဝတီမည်သော နဂါးပြည်ရှိသည် ထိုနဂါးပြည်ကို 'စမ္ပေယျ'မည်သော နဂါးမင်း အုပ်စိုးလျက်ရှိလေသည်။

ထိုနဂါးမင်းသည်ကား တချိန်က ဆင်းရဲသားယောကျ်ားဖြစ်၍ နေစဉ် စည်းစိမ်နှင့် အခြွေအရံများဖြင့် မဂဓမင်း၏ အပူဇော် ခံသော နဂါးမင်းတဦး၏ ခံစားချက်ကိုမြင်၍ ထိုနဂါးမင်း၏ စည်းစိမ်ကို အားကျကာ ကြိတ်၍ ဆုပန်မိသောကြောင့် သူ၏ ဆုတောင်းအတိုင်းလာ၍ နဂါးမင်းဖြစ်လာခဲ့လေသည်။ ရပြီး သော မိမိနဂါးဘဝကို မနှစ်မသက် မသာယာ နိုင်တော့သဖြင့် လပြည့်လကွယ် ရှစ်ရက်သီတင်းတို့၌ လူအဖြစ်ကိုပြန်၍ ဆုပန်ရင်း ဥပုသ်ဆောက်တည် နေလေသည်

သို့သော် မိဘုရားအခြွေအရံ ဒူရိယာသံ စသည်တို့ကြောင့် သီလ၏ ညစ်နွမ်းမှုဖြစ်သဖြင့် လူ့ပြည်သို့လာ၍ သီလဆောက် တည်ရန် ထွက်ခဲ့လေသည်။

လူ့ပြည်သို့ရောက်သောအခါ ထွန်တုံးပမာဏရှိသောကိုယ်ဖြင့် တောင်ပို့ကိုပတ်လျက်နေ၏။ ငွေအဆင်းကဲ့သို့ ဖြူဖွေးသော ကိုယ်၏

အရောင် ကမ္ဗလာနီအဆင်းကဲ့သို့ နီမြန်းသော အရောင်တို့ကြောင့် တောင်ပို့သည် တင့်တယ်၏။

ထိုဗာရာဏသီပြည်သား လုလင်ဘယောက်သည် တက္ကသိုလ်ပြည် ဒိသာပါမောက္ခ နှံ့ဆရာထံအလမ္ဗါယ် အတတ်ကို သင်ကြား တတ်မြောက်၍ ပြန်လာခဲ့ရာ တောင်ပို့ထိပ်တွင် သီလဆောက်တည် နေသော စမ္ပေယျနဂါးမင်းနှင့် ရင်ဆိုင်တွေ့ရလေသည်။ အလမ္ဗါယ် လုလင်သည် နဂါးမင်းကိုမြင်လျှင် ပမ်းသာအားရဖြင့် မန္တရား ကိုရွတ်၍ ဝင်လေ၏။ မန္တရား၏ တံခိုးကြောင့် နဂါးမင်းသည် နားတွင် သံတကျင်ဖြင့်ရိုက်၍ ခေါင်းတွင် သံမယ်နဖြင့် စွဲထား သကဲ့သို့ ဖြစ်ရရှာလေသည်။ ထိုအချိန်တွင်အခွေကြားမှဦးခေါင်း ကို မော်၍ ကြည့်သော် အလမ္ဗါယ်သမားကို မြင်လေသည်။ အကယ် ၍ ဤသူကိုငါ၏ ပြင်းထန်လှသော အဆိတ်ဖြင့် နှာခေါင်းလေမှုတ် လိုက်သော် အကျိုးမဲ့သေမည် ဖြစ်သော်လည်း ဆောက်တည် ထားပြီးသော သီလပျက်စီးမည် စိုးရိမ်သောကြောင့် သမ္ဗည အဖြစ်ကို ရည်မှန်းလျက် သီးခံအရှုံးပေးလိုက်သည်။

ထိုနောက် အလမ္ဗါယ်သည် တံတွေးဖြင့်ထွေး၍ ဖူးဖူးရောင် အောင် ပြုပြီးမှ လုံတန်နှင့်ဖိကာ ဆေးစွမ်းဖြင့် အစွယ်ကိုချိုး၍ လက်နှစ်ဘက်တို့ဖြင့် အဝတ်လျှော်သကဲ့သို့ ဖွတ်လျှော်လေသည်။ ထိုနို့ပ်စက်မှုမျိုးစုံကိုလည်း ရှေးနည်းအတိုင်း အရှုံးပေးလိုက် လေသည်။ ဤသို့ဖြင့် အလမ္ဗါယ်သည် အသပြာ တထောင်ကို ရခသော် လွှတ်အံ့ဟုဆို၍ နွယ်ပချုတ်တွင်ထည့်၍ဖမ်းယူလေသည်- တို့နောက် ပစ္စန္တရစ်ရွာများသို့ လှည့်လည်ပြသရာ အသပြာ တထောင်နှင့် တထောင်တန်ပစ္စည်းများကို ရရှိလေသည်။

အလမ္ပါယ်သည် တထောင်သော အသပြာကိုရပြီး၍လွှတ်ချိန်တန်သော်လည်း လောဘကို မထိန်းသိမ်းနိုင်သဖြင့် ဗာရာဏသီပြည် ဥဂ္ဂသေနမင်းထံပြပြီးလျှင် လွှတ်မည် ဟု လိုက်ပြန်သည်။ ထိုအချိန်တွင်း နဂါးမင်းအား ဖါးတို့ကိုသတ်၍ကျွေးသော်လည်း အကယ်၍ ငါစားသည်ဖြစ်အံ့ အလမ္ပါယ်သည် ငါ၏အတွက် ဖါးတို့ကိုသတ်မည် ဖြစ်သောကြောင့် ငါ၏သီလ ညစ်နွမ်းအံ့ဟုကြံ၍ အစာမစားဘဲ အရှုံးပေး သီးခံလိုက်သည်။

ဤသို့ဖြင့် အစာငတ်ခံ၍ ဆန္ဒပြခဲ့ရာ တလခန့်ကြာမြင့်မှ ဗာရာဏသီပြည် ဥဂ္ဂသေနမင်းထံ ပြသလေသည်။ ထိုအချိန်တွင် နဂါးပြည်မှ သုမနမည်သော နဂါးမိဖုရားကြီးလိုက်လာ၍ မင်းနှင့်တကွသော ပွဲကြည့်ပရိသတ်တို့၏ အပေါ်မှနေ၍ငိုယိုလေသည် ထိုအခါ ဘုရင်မင်းသည် အကြောင်းမျိုးစုံမေးလျှင်ဇာတ်ကြောင်းစုံကို ပြောပြလေသည်။

ထိုနောက် သုမန၊ နဂါးမသည် နဂါးမင်းကို လွှတ်ပေးရန် တောင်းပန်သဖြင့် ဥဂ္ဂသေနမင်းသည် အလမ္ပါယ်အား ရွှေ—ငွေ ရတနာများနှင့် တရွာကို ရွာစားအဖြစ်ပေး၍ လွှတ်စေ၏။ နဂါးမင်းသည် နတ်တို့၏ ကိုယ်ရောင်အသွင် ပြောင်း၍ ဘုရင်မင်းအားနဂါးပြည်သို့အလည်အပတ်လိုက်ရန် တောင်းပန်သောကြောင့်ဘုရင်မင်းသည် မင်းပရိသတ်နှင့်တကွ နဂါးပြည်သို့လိုက်ကြလေသည်။ ထိုအခါနဂါးမင်းကြီး၏ ကြီးကြယ်ခန်းနားလှသော စည်းစိမ်ကိုမြင်၍ အသင်နဂါးမင်း ဤစည်းစိမ်ကိုစွန့်၍ အဘယ်အကျိုး မျှော်မှန်းလျက် လူ့ပြည်သို့လာ၍ သီလဆောက်တည်သနည်းဟု မေးမြန်းရာ အကျွန်ုပ်သည် လူ့ပြည်ကို တောင့်တလျက်

ဆောက်တည်ပါသည်ဟု ဖြေသောအခါ ဥဂ္ဂသေနမင်းကအောက်ပါအတိုင်း မေးပြန်၏။

## ဘုရင်အမေး

ဒေဝိဒ္ဓိပတ္တောသိ မဟာနုဘာဝေါ
သဗ္ဗေဟိ ကာမေဟိ သမင်္ဂိ ဘူတော
ပုစ္ဆာမိတံ နာဂရာဇေတမတ္ထံ
သေယျောဣတော ကေန မနုဿလောကော

## မြန်မာပြန်

| | |
|---|---|
| နာဂရာဇ | နဂါးမင်း |
| ဒေဝိဒ္ဓိပတ္တော | နတ်၏တံခိုးသို့ရောက်သည်။ |
| မဟာနုဘာဝေါ | ကြီးသော အာနုဘော် ရှိ |
| အသိ | သည်ဖြစ်၏ |
| သဗ္ဗေဟိ | အလုံးစုံကုန်သော |
| ကာမေဟိ | ကာမဂုဏ်တို့နှင့် |
| သမင်္ဂိဘူတော | ပြည့်စုံ၏ |
| တမတ္ထံ | ထိုအကြောင်းကို |
| ပုစ္ဆာမိ | သင့်ကိုမေးပါ၏။ |
| ဣတော | ဤနဂါးပြည်ထက် |
| ကေန | အဘယ်အကြောင်းကြောင့် |
| မနုဿလောကော | ငါတို့လူ့ပြည်သည် |
| သေယျော | မြတ်သနည်း။ |

## စကားပြေ

အသင်နဂါးမင်း နတ်တို့၏ တံခိုးဇာနိဗ္ဗပါတ်သို့ ရောက်၍ ကြီးကျယ်သော အာနုဘော်နှင့်ကာမဂုဏ် ဆန္ဒအားလုံး ပြည့်စုံသော နဂါးပြည်ထက် လူ့ပြည်ကအဘယ်ကြောင့် မြတ်သနည်းဟုမေးမြန်းသည်။

## ‘နဂါးမင်းအဖြေ’

ဇနိန္ဒအညတြ မနုဿလောကာ
သုဒ္ဓိနသံ ဝိဇ္ဇတိ သံယမောဝါ
အဟာဉ္စလဒ္ဓါန မနုဿယောနိ
ကာဟာမိ ဇာတိမရဏာဿ အန္တံ။

## မြန်မာပြန်

| | |
|---|---|
| ဇနိန္ဒ | အရှင်မင်းမြတ် |
| မနုဿလောကာ | လူ့ပြည်ကို |
| အညတြ | ကြဉ်ထာ |
| သုဒ္ဓိ ဝါ | စင်ကြယ်ရာသည်ရှင်း |
| သံယမောဝါ | သီလသည်စောင့်ခြင်းသည်ရှင်း |
| နသံဝိဇ္ဇတိ | မရှိ |
| အဟဉ္စ | အကျွန်ုပ်သည်လည်း |
| မနုဿယောနိ | လူ၏အဖြစ်ကို |
| လဒ္ဓါန | ရသည်ရှိသော် |
| ဇာတိမရဏဿ | ပဋိသန္ဓေနေခြင်း,သေခြင်း |
| အန္တံ | အဆုံးကို |
| ကာဟာမိ | ပြုအံ့ |

## စကားပြေ

အရှင်မင်းကြီး လူ့ပြည်ထက်ပို၍ နိဗ္ဗာန် ဟူသော စင်ကြယ်ရာသည်ရင်း၊ သီလစောင့်မှုသည်ရင်း မရှိပါ။ အကျွန်ုပ်သည်လည်း သီလစောင့်မှုသည်ရင်း မရှိပါ။ အကျွန်ုပ်သည်လည်း လူအဖြစ်ကိုရသော် သဗ္ဗည္ုတဉာဏ်ဖြင့် ပဋိသန္ဓေနှင့် သေခြင်း၏ အဆုံးကို ပြုအံ့ဟုဖြေကြားသည်။

ဆို့နောက် မကြာမီ ဥဂ္ဂသေနမင်းသည် နဂါးပြည်မှ ပြန်လာခဲ့လေသည်။ နဂါးမင်းကလည်း မိမိပရိသတ် အားလုံးတို့အား မိမိတိုင်းပြည်မှ ရွှေ,ငွေ,ရတနာပစ္စည်းများကို အလိုရှိသလောက် ယူစေ၍ ဘုရင်မင်းအား လှည်းအစီးပေါင်းများစွာဖြင့် တင်ပေးလိုက်လေသည်။

## ဇာတ်သိမ်း

ဤအရှုံးအနိုင်တရားတော်၌ ပါဝင်သော ဇာတ်ကောင်များအနက်-

၁။ စမ္ပေယျနဂါးမင်းသည် ဘုရား အလောင်းတော်
၂။ သုမနမိဖုရားသည် ယသော်ဓရာအလောင်း
၃။ အလမ္ပါယ်လုလင်သည် ဒေဝဒတ်အလောင်း
၄။ ဥဂ္ဂသေနမင်းသည် အရှင် သာရိပုတ္တရာ လောင်း ဖြစ်ကြသည်

## သင်္ဂဟကဗျာများ

၁။ စမ္ပေယျဟု မည်ရနာမာ
နဂါးအုပ်ချုပ် မင်းလုပ်နေရာ

လူ့ပြည်ဘက်သို တက်လို့လာခါ
သီလထိန်း မတိမ်းအောင်ပြုရှာ။ ။

၂။ ပြည်ပြန်ပုဏ္ဏား တွေ့ပြောပြန်သော်
အတတ်နှင်ဖမ်း ကြမ်းတမ်းရိုက်ဆော်
သီလပျက်မှု ကြည့်ရှုခါမျှော်
နိုင်လျှက် သက်သက်အရှုံးပေါ်။ ။

၃။ ဗာရာမင်းသို့ သွင်းဘို့ဆိုင်ဆိုင်
မိဖုရားကြီး ငိုပြီးလာတိုင်
ရွှေငွေပေး၍ မနေ့လွှတ်မြိုင်
အမည်ပြု ခေါ်မှုရှုံးအနိုင်။ ။
သီလပါရမီခန်းပြီး၏။

# (၃) အရှုတ်တော်ပုံ

## “နိက္ခမနှင့် မေတ္တာကဗျာ”

အလောင်းတော်များ ဘဝနဲ့ အစစတူယှဉ်ကာညီ
တောထွက်ကာစိတ်ချတဲ့ နိက္ခမပါရမီ
ဖြည့်စွမ်းကာအားသစ်မှ ဘုရားအဖြစ်ရောက်တော်မူလာသည်
သဗ္ဗညူရှိန်တံခိုးမို့ ဦးနှိမ်ချီးလို့ရှိခိုးအဥ္စလီ။
အဲဒါကြောင့် ဖန်ဖန်မသွေ
မှန်ကန်သော သစ္စာစကားကြောင့်ပေ
တို့သူငါ သတ္တဝါများဝေနေ
ကျမ္မာကြစေ ချမ်းသာကြစေ
အားလုံးဘဲ ရွှင်ပြုံးကြပါစေ

'နိက္ခမ္မပါရမီ' ဆိုသည်မှာ နိက္ခမေန ါရမီ နိက္ခမပါရမီဟု ဝစနတ္ထပြု၍ လူ့သူလေးပါးတို့ ဆိတ်ညိမ်ရာတောသို့ ထွက်ခြင်းဖြင့် ကမ်းတဘက်သို့ ကူးမြောက်ခြင်းကို နိက္ခမ ပါရမီဟု ဆိုလိုသည်။

ဤနိက္ခမ ပါရမီနှင့် ပတ်သက်၍ ပကိဏ္ဏက နိပါတ်၌ ဟောခဲ့သော 'ဘိသ' ဇာတ်ကို ထုတ်ဖော်ကြည့်ရှုတတ်၏။ "ရှေးလွန်လေပြီးသော နှောင်းခေတ်အချိန်က ဗာရာဏသီပြည်၌ ဗြဟ္မဒမင်း အုပ်စိုးစဉ် ဘုရားအလောင်းသည် ကုဋေရှစ်ဆယ်ဝသော ဗြဟ္မဏ မဟာသာလအမျိုး၌ဖြစ်၏။ အမည်ကား 'မဟာကဥ္စန' ဖြစ်သတည်း မဟာကဥ္စန၌ ညီခြောက်ယောက် ညီမတယောက်အားဖြင့် မွေး ပေါက်ဖေါ်ရှစ်ယောက်ရှိ၏။ မဟာကဥ္စန အရွယ်ရောက်သောအခါ မိဘများက အိမ်ထောင်ချထားသော်လည်း တောထွက်လိုသော စိတ်ဆန္ဒကြောင့် အိမ်ထောင်မှုကို ငြင်းပယ်လိုက်၏။ ကျန်ခြောက်ယောက်တို့ကလည်း ထိုအတူပင် ငြင်းပယ်ကြလေသည်။

မိဘများ သေဆုံးသောအခါ ရှိပစ္စည်းအားလုံးကို ဆင်းရဲသူ ဆင်းရဲသားတို့အား လှူဒါန်းပြီးလျှင် မဟာကဥ္စနသည် ညီငယ်ညီမငယ်များနှင့်တကွ 'ကျွန်ယောက်ျား တယောက်' 'ကျွန်မိန်းမ တယောက်' မိတ်ဆွေတယောက်တို့ပါခေါ်၍ မြတ်သော တောထွက်ခြင်းဖြင့် ဟိမဝန္တာတောသို့ ထွက်ခဲ့ကြလေသည်။ ထိုတကျိပ်တယောက်သော သူတို့သည် ဟိမဝန္တာတောသို့ ရောက်လျှင် ကြာပဒုမ္မာအိုင်ကို အမှီပြု၍ ကျောင်းဆောက်နေကြ၏။

ထို(၁၁)ယောက်တို့သည် ရသေ့ရဟန်းပြု၍ သစ်သီးကြီး ငယ်တို့ကို ပျော်ပျော်ပါးပါး ရှာကြံစားသောက်ကြကုန်၏။ တနေ့ သောအခါ အလောင်းတော် မဟာ 'ကဥ္စန' သည် အသင်တို့ ငါတို့ သည် စည်းစိမ်ကိုစွန့်၍ တောထွက်လာကြကုန်၏။ ပျော်ပါးမှုး

မေ့ကာ နေခြင်းကားမသင့် တရားအားထုတ် ကြကုန်လော့ ဤနေ့မှစ၍ သစ်သီးကြီးငယ်တို့ကို ငါသာလျှင် ရှာကြံကြွေးမည်ဟု ဆိုသည် ထိုစကားကိုကြားသောအခါ ညီများက ဆရာနောင်တော်ကြီးနှင့် 'နှမတော်' ကျွန်မိန်းမတို့ကိုထား၍ ကျန်ရှစ်ယောက်တို့က တာဝန်ယူမည်ဟုဆို၍ တနေ့လျှင်တယောက် အလှည့်ကျ တာဝန်ယူ၍ သစ်သီးကြီးငယ်ရှာကြံ၍ အလှည့်ကြသော သူသည် (၁၁)ပုံ-ပုံပြီးလျှင်ကြောက်စည်ခေါင်းလောင်းကို ထိုး၏ ထိုအခါ မိမိတို့၏ ကျောင်းမှထွက်၍ အတွက်ကြတပုံကိုယူ၍ ပြန်သွားကြရ၏ မိမိကျောင်းရောက်မှစား၍ စကားမပြောဘဲအားထုတ်ကြ၏။

ဤသို့လျှင် နေ့စဉ်ရဟန်းတရား အားထုတ်နေကြသော အခါ ထိုရသေ့တို့၏မြတ်သော အိန္ဒြေ မှန်ကန်သော ကသိုဏ်းပရိကံ ပြင်းထန်တော အကျင့်တံခိုးကြောင့် သာဝတိံတာ သိကြားမင်း ၏နေရာသည် တုန်လှုပ်သွား၏။ သကြားမင်းသည် ရသေ့တို့၏ ကာမဂုဏ်မှုကို အာရုံပြု၏ မပြု၏ဆိုသည်ကို သိနိုင်ရန် စုံစမ်းအံ့ ဟု လူ့ပြည်သို့ဆင်း၍ အလောင်းတော် မဟာကဉ္စနအတွက်ကျ ဖြစ်သော ကြာစွယ်တို့ကို ခိုးဝှက်ထားလေ၏။ အလောင်းတော် သည် အလှည့်ကျသူက သတိမရ၍ဖြစ်မည်ဟု သည်းခံ၍ တနေ့ စာမစားဘဲနေလိုက်၏။

နောက်တနေ့၌လည်း သိကြားမင်းက ဝှက်ထားပြန်ရာ ငါ့အပေါ်၌ တစုံတခုသော အပြစ်ရှိတန်ရာ၏ဟု သည်းခံနေပြန်၏။ နောက်တနေ့၌လည်း ဝှက်ထားပြန်ရာ ငါ့အပြစ်ကို မေးမြန်း၍ သည်းခံစေအံ့ဟု စိတ်ကူး၍ အစာမစားဘဲ နေလိုက်ပြန်၏။

မဟာကဉ္စနရသေ့သည် သုံးရက်မြောက်နေ့ ကုန်ဆုံး၍

ညပိုင်း ရောက်သောအခါ ကျောက်စိသံပေး၍ စုဝေးပြီးလျှင် အလှည့်ကျသူများကို ခမေးမြန်းသောအခါ အတွက်ကျအစေ့အငှ ထားကြောင်း ဝန်ခံကြလေသည်။ ထိုအခါ မဟာကဿနက ငါတို့၏ ပရိသတ်အတွင်း၌ ကေန်ဏာ အတွင်းသူခိုး ရှိသည် ဖြစ်ရာ၏။ အသင်တို့သည် မှန်မြတ်သော စည်းစိမ်ကို ဖြစ်စွန့်နိုင်ကြပြီး ဤ တယောက်စာမျှသောကြာစွယ်ကို ခိုးယူ စားသောက် ခြင်းကား ရှက်ဖွယ်ကောင်းစွ။ မသင့်တော်စွဟု ဆိုလေတော့သည်။

ထိုစကားကိုကြား၍ ကျန်သော ဆယ်ဦးတို့သည် စိတ်နှလုံး မသာယာ ထိတ်လန့်ခြင်း သံဝေဂ ဖြစ်ကြလျှက် အောက်ပါ အတိုင်း အသီးသီးကျိန်ဆိုကြကုန်၏။

ပဌမညီက ဤသို့ကျိန်ဆို၏။

၁။ အကြင်သူသည် ကြာစွယ်ကြာရင်းတို့ကိုခိုး၏။ ထိုသူသည် ဆင်,မြင်း, ကျွဲ, နွား,ရွှေ, ငွေ, မယားတို့ကို ဤတော၌ပင်ရစေ သတည်း။

ဒုတိယညီက ဤသို့ကျိန်ဆို၏။

၂။ ကြာစွယ်ကြာရင်းကိုခိုးသောသူသည် ပန်း,စံတကူး တို့ကို ဆောင်၍ သားသမီးတို့ဖြင့် တိုးပွားစေသတည်း။

တတိယညီက ဤသို့ကျိန်ဆို၏။

၃။ ကြာစွယ်ကြာရင်းခိုးသူသည် ဆန်စပါး, လယ်ယာဥစ္စာ များစွာတိုးပွား၍ ကာမဂုဏ်နှင့် ပြည့်စုံသူဖြစ်စေသတည်း။

စတုတ္ထညီက ဤသို့ကျိန်ဆို၏။

၄။ ကြာစွယ်ကြာရင်းခိုးသူသည် နှိပ်စက်ညှဉ်းပန်းတတ်သော မင်းဆိုး,မင်းတကာတို့ ပူဇော်အပ်သော အင်အားကြီးမင်းဖြစ်စေသတည်း

ပဥ္စမညီက ဤသို့ကျိန်ဆို၏။

၅။ ကြာစွယ်ခိုးသူသည် ရာဂမကင်းဘဲ နက္ခတ်ဗေဒင် ကျွမ်းကျင်သော ပုဏ္ဏားဖြစ်၍ တိုင်းပြည်ပိုင်ဘုရင်၏ ပူဇော်ခံရ စေသတည်း၊

ဆဋ္ဌမညီက ဤသို့ ကျိန်ဆို၏။

၆။ ကြာစွယ်ခိုးသူသည် ကျော်ကြားသော ဗေဒင် ပညာရှိဖြစ်၍ စန္ဒပုဒ် ရှာသူရှာသားတို့ ပူဇော်မှုခံရစေသတည်း။

အငယ်ဆုံး ညီမဖြစ်သူက ဤသို့ကျိန်ဆို၏။

၇။ ကြာစွယ်ခိုးသူသည် သိကြားမင်းပေးသကဲ့သို့ လူ,စပါး ထင်း,ရေ လေးပါးနှင့် ပြည့်စုံသော ရွာကိုစားရ၍ ရာဂမကင်းဘဲ သေရစေသတည်း။

ကျွန်ယောကျ်ားကား ဤသို့ကျိန်ဆို၏။

၈။ ကြာစွယ်ခိုးသူသည် အဆွေခင်ပွန်းတို့အလယ်၌ က,ခြင်း၊ ဆိုခြင်းတို့ဖြင့် ပျော်ပါးသော ရွာသူကြီးဖြစ်၍ မင်းဒဏ် သင့်စေသတည်း။

ကျွန်မိမ္မကား ဤသို့ကျိန်ဆို၏

၉၊ ကြာစွယ်ခိုးသူသည် မြေအပြင်ကို အောင်နိုင်သော စကြာမင်းမြတ်၏ အမြတ်ဆုံးမိဖုရားကြီး ဖြစ်စေသကည်း။

အဆွေခင်ပွန်းရသေ့ကား ဤသို့ကျိန်ဆို၏

၁၀။ ကြာစွယ်ခိုးသူသည် ရသေ့တို့အလယ် အရသာအထူးကို မကြောက်မရွံ့စား၍ လာဒ်အတွက် အံ့ဘွယ်သရဲ အမှုကို ကျင့်ရစေသတည်း။

ထို့နောက်ဘုရားလောင်းရသေ့သည် ရသေ့အပေါင်း ကြိမ်စာဆိုမှု ခိုင်ခန့်လှသည်ကိုတွေ့ရ၍ မိမိအပေါ်၌ မပျောက်ဘဲပျောက်သည်ဟု ဆိုသတတ်ဟု မယုံသင်္ကာဖြစ်မည် စိုးရိမ်သောကြောင့် ဤသို့ကျိန်၏။

၁၁ ငါသည် အကယ်၍ မမှန်ကန်ဘဲ ပျောက်ဆိုးသည်ဟု ဆိုအံ့ ကာမဂုဏ်တို့ကိုခံစား၍အိမ်ယာတည်ထောင် လူတို့ဘောင်၌ သေဆုံးရခြင်းဖြစ်စေသတည်းဟု ကျိန်ဆိုပြန်၏။

သိကြားမင်းသည် ထိုရသေ့တို့၏ ကျိန်စာအသီး၌ ကာမဂုဏ်အပြစ်ကိုပင် ကျိန်ဆိုကြသည်ကို ကြားရသောကြောင့် ကြည်ညိုလှ၍ မထင်ရှားသောအသွင်ဖြင့် ဘုရားအလောင်း ရသေ့ကို ရှိခိုးပြီးလျှင် အောက်ပါအတိုင်းမေးလေသည်။

## သိကြားမင်းအမေး

ယဒေသမာနာ ဝိစရန္တိ လောကေ
ဣဋ္ဌဉ္စ ကန္တဉ္စ ဗဟုနမေတံ
ပိယံ မနုညံ ဣဓ ဇီဝလောကေ
ကသ္မာ ဣသယော နပ္ပသံ သန္တိ ကာမေ။

## မြန်မာပြန်

| | |
|---|---|
| ယံ | အကြင်ဝတ္ထုကာမကိလေသာကာမကို |
| ဧသမာနာ | ရှာကြံလျက် |
| လောကေ | လောက၌ |

| | |
|---|---|
| ဝိစရန္တိ | သတ္တဝါတို့ သွားလာကုန်၏ |
| တေံ | ထိုဝတ္ထုကာမ ကိလေသာ ကာမကို |
| ဖဟုန္နံ | များစွာကုန်သောလူတို့သည် |
| ဣဓဇီဝလောကေ | ဤသတ္တလောက၌ |
| ဣဋ္ဌ | အလိုလည်းရှိအပ်၏။ |
| ကန္တာ | နှစ်လည်းနှစ်သက်အပ်၏ |
| ပိယာ | ချစ်လည်းချစ်တတ်၏ |
| မနုည္ဇ | နှစ်လုံးကိုလည်းပွားစေတတ်၏ |
| ကသ္မာ | အဘယ်ကြောင့် |
| ဣသယော | ရှင်ရသေ့တို့သည် |
| ကာမေ | ကာမဂုဏ်တို့ကို |
| နပ္ပသံသန္တိ | မချီးမွမ်းကုန်သနည်း။ |

## စကားပြေ

အိုရှင်ရသေ့တို့ လောက၌ သတ္တဝါတို့သည် ရွှေ,ငွေ, ရတနာ, ဆန်ရေစပါး, သားမယားနှင့် ကျွဲ, နွား, ဆင်, မြင်း, လယ်ယာ, ဝင်းခြံ,စသော ဝတ္ထု၊ ကိလေ နှစ်တွေ ကာမကို ရှာမှီးသွားလာကြကုန်၏။ လူတို့ အလိုရှိအပ်, နှစ်သက်အပ်, ချစ်အပ်သောထိုကာမကို အသင်ရသေ့တို့ အဘယ့်ကြောင့် မချီးမွမ်းကုန်သနည်းဟု မေးခြင်းဖြစ်သည်။

## ရသေ့အဖြေ

ကာမေသု ဝေဟညရေ ဗန္ဓရေစ
ကာမေသု ဒုက္ခဉ္စ ဘယဉ္စ ဇာတံ

ကာမေသု ဘူတာဓိပတိ မမတ္တာ
ပါပါနိ ကကမ္မာနိ ကရောန္တိ မောဟာ။

## မြန်မာပြန်

| | |
|---|---|
| ဘူတာဓိပဓိ | နတ်တို့အရှင်ဖြစ်သောသိကြားမင်း |
| ကာမေသု | ကာမဂုဏ်တို့ကြောင့် |
| ဝေ | စင်စစ် |
| ဟညရေစ | သတ်လည်းသတ်အပ်ကုန်၏ |
| ဗဇ္ဈရေစ | နှောင်ဖွဲ့မှုလည်း နှောင်ဖွဲ့အပ်ကုန်၏ |
| ကာမေသု | ကာမဂုဏ်တို့ကြောင့် |
| ဒုက္ခဉ္စ | ကိုယ်စိတ်ဆင်းရဲခြင်းသည်၎င်း |
| ဘယဉ္စ | စွတ်စွဲခြင်းစသောဘေးသည်၎င်း |
| ဇာတံ | ချစ်တတ်၏ |
| ကာမေသု | ကာမတို့၌ |
| ပမတ္တာ | ယစ်ကုန်သောသူတို့သည် |
| မောဟာ | မိုက်မဲတွေဝေခြင်းကြောင့် |
| ပါပါနိ | ယုတ်မာကုန်သော |
| ကမ္မာနိ | မကောင်းမှုတို့ကို |
| ကရောန္တိ | ပြုကုန်၏။ |

## စကားပြေ

အသင်သိကြားမင်း စင်စစ် ကာမဂုဏ်တို့ကြောင့်သတ်ဖြတ်မှု, နှောင်ဖွဲ့မှုတို့ဖြစ်ကုန်၏။ ကိုယ်စိတ်နှစ်ပါးဆင်းရဲခြင်း, စွတ်စွဲခြင်းတို့ဖြစ်ကုန်၏။ ကာမဂုဏ်၌ ယစ်မူးသူတို့သည် တွေဝေမှုကြောင့် ယုတ်မာမှုတို့ကို ပြုကုန်၏။ ထို-

ကြောင့် ကာမဂုဏ်တို့ကို မချီးမွမ်းခြင်းဖြစ်သည်ဟု ဆိုလို
သည်။

ထို့နောက် သိကြားမင်းသည် မိမိပြုမိသော အပြစ်ကိုသီးခံစေ၍ ရှိခိုးပြီးလျှင် ပြန်သွားလေသည်။ ရသေ့အပေါင်းတို့လည်း ဈာန်သမ္မာပတ်နှင့် ပြည့်စုံသည်ဖြစ်၍ ဗြဟ္မာ့ပြည်သို့ လာရောက်ရလေကုန်သတည်း။

## ဇာတ်သိမ်း

| | | |
|---|---|---|
| ၁။ | မဟာကဉ္စနရသေ့သည် | ဘုရားအလောင်း |
| ၂။ | ညီတော်ရသေ့များ | အရှင်သာရိပုတ္တရာ |
| ၃။ | ။ | ရှင်မဟာမောဂ္ဂလန် |
| ၄။ | ။ | ရှင်မဟာကဿပ |
| ၅။ | ။ | အရှင်အနုရုဒ္ဓါ |
| ၆။ | ။ | အရှင်ပုဏ္ဏ |
| ၇။ | ။ | အရှင်အာနန္ဒာ |
| ၈။ | ကဉ္စနဒေဝီ | ဥပ္ပလဝဏ်ထေရီမ |
| ၉။ | ကျွန်မိန္မ | ခုဇ္ဇုတ္တရာ |
| ၁၀။ | ကျွန်ယောကျ်ား | စိတ္တသူကြွယ် |
| ၁၁။ | သိကြားမင်း | ကာဠုဒါယီ |

## သင်္ဂဟကဗျာများ

၁။ ကဉ္စနဟု နာမထင်စွာ
မွေးဖေါ် ရှစ်ယောက် ဖြစ်မြောက်ဗာရာ
ပဗ္ဗည့်အားလုံး သိမ်းကြုံးလျှ ခါ
တောထွက်လှမ်း ရဟန်းပြုကြရှာ။

၂။ ကြာစွယ်တမျိုး အချိုးကျပုံ
ဘုရားလောင်းတွက် ခိုးဖွက်မစုံ
ဘိုးတော်သိကြား စမ်းငြားအကြို
ဘုရားလောင်း ငတ်ကြောင်းသုံးရက်ဆုံး
ခိုးမှုအဘွက် မသက်သာကုန်
ကျိန်ဆိုသီးသီးအပြီးကြည်ယုံ
နိက္ခမဖြင့် ထွက်ကြဝင့်ဘုံ
အမည်ပြုခေါ်မှုရှုတ်တော်ပုံ

နိက္ခမ ပါရီခန်းပြီး၏

# (၄) ဉာဏ်ကြီးရှင်

## ပညာနှင့်မေတ္တာကဗျာ

အလောင်းတော်များဘဝနဲ့ အစစတူယှဉ်ကာညီ
အသိဉာဏ်မြင်လာတဲ့ ပညာကွဲ့ပါရမီ
ဖြည့်စွမ်းကာ အားသစ်မှ ဘုရားအဖြစ် ရောက်တော်မူ
လာသည်။
သမ္ဗုဒ္ဓရှိန်တံခိုးမို့ ဦးနှိမ်ချိုးလို့ ရှိခိုးအဉ္ဇလီ။ ။
အဲဒါကြောင့် ဖန်ဖန်မသေ့
မှန်ကန်သောသစ္စာစကားကြောင့်ပေ
တို့သူငါ သတ္တဝါများဝေနေ
ကျမ္မာကြစေ ချမ်းသာကြစေ
အားလုံးဘဲရွှင်ပြုံးကြပါစေ။ ။

ဤပညာပါရမီခဏ်း၌ပညာယပါရမီ၊ပညာပါရမီဟု ၀ိဂြိုဟ်ပြု၍ အသိဉာဏ်ပညာဖြင့်ကမ်းတဘက်သို့ရောက်နိုင်ကြောင်း သိထားရပေမည်။

ပညာဆိုသည်မှာ ပကာရေဏဇာဉာယတီတိ ပညာဟု ၀စနတ္ထပြု၍ အထူးထူးအထွေထွေသိမှုကိုခေါ်ဆိုခြင်းဖြစ်သည်။ဉာဏ်ဆိုသည်မှာလည်း ဉာဏ်ခေတ်ဖြစ်၍ သိခြင်း အနက်ကိုဟောသောကြောင့်တရားကိုယ်အားဖြင့် ပညာနှင့်အတူတူပင်ဖြစ်သည်။ ထို့ကြောင့် အချို့သောအရာဌာန၌ ဉာဏ်ပညာဟုပေါင်းစည်းခေါ်ဝေါ်ကြခြင်းဖြစ်သည်။

ထိုဉာဏ်ပညာသည် အသုံးဝင်ပုံအမျိုးမျိုးကို လိုက်၍-

| | | |
|---|---|---|
| ၁။ | သုတမယဉာဏ် | အကြားအမြင်ဖြင့်သိမှု |
| ၂။ | စိန္တာမယဉာဏ် | အကြံအစည်ဖြင့်သိမှု |
| ၃။ | ပဋိဘာနဉာဏ် | အမြန်ဆုံးသိမှု |
| ၄။ | ဂမ္ဘီရဉာဏ် | နက်နက်နဲနဲသိမှု |
| ၅။ | အဘိဉာဏ် | အလွန်အကဲသိမှု |
| ၆။ | သမထဉာဏ် | ငြိမ်းအေးစွာသိမှု |
| ၇။ | ဝိပဿနာဉာဏ် | ထူးကဲစွာသိမှု |
| ၈။ | မဂ်ဉာဏ် | ပြတ်ပြတ်တောက်တောက်သိမှု |
| ၉။ | ဖိုလ်ဉာဏ် | အကျိုးဖြစ်သောသိမှု |
| ၁၀။ | သဗ္ဗညုတဉာဏ် | အားလုံးကိုသိမှု |

ဤသို့စသောအားဖြင့် အမည်အမျိုးမျိုး ကွဲပြားလာလေသည်။ ထိုထက်များစွာ ဉာဏ်ပညာအကျယ်ကို သိလိုကြမူကား ပဋိသမ္ဘိဒါမဂ်ပါဠိတော်ကို ကြည့်ရှုမှတ်သားကြပါကုန်။

3

ဤပညာပါရမီခန်းနှင့် ပတ်သက်၍ သတ္တန်ပါတ်၌ ဘုရားရှင်ဟောကြားခဲ့သော 'ဘတ္တုသတ္တ' ဇာတ်တော်ကို ထုတ်ဖော်၍ ကြည့်ရှုအပ်၏။

ရှေးလွန်လေပြီးသော နှောင်းခေတ်အချိန်က ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းအုပ်စိုးစဉ် ဘုရားအလောင်းတော်သည် ထိုမင်း၏ ပညာရှိအမတ်ဖြစ်ရလေသည်။ ထိုအမတ်ကို 'သေနက' အမတ်ဟု ခေါ်ဝေါ်ကြလေသည်။ သေနကအမတ်သည် ဗြဟ္မဒတ်မင်းနှင့် တကွ တိုင်းသူပြည်သားအားလုံးကို တရားအတိုင်း ဆုံးမ, ညွှန်ကြားသဖြင့် ဗာရာဏသီပြည် အလုံးသည် ဒါန, သီလ, ဘာဝနာ အလုပ်တို့ဖြင့် စည်ကားလျက်ရှိသည်။ သေနက အမတ် နေ့စဉ် တရားဟောပွဲ ပြုသဖြင့် တရားနာသူ အပေါင်းတို့ ဖြင့်လည်း စည်ကားသိုက်မြိုက်စွာရှိလေသည်။

တနေ့သောအခါ ပုဏ္ဏားတယောက်သည် အပြင်ထွက်၍ငွေရှာသွားရာ အသပြာ တထောင်ရခဲ့သဖြင့် ပုဏ္ဏေးမကြီး တဦးထံ အပ်နှံခဲ့လေသည်။ ပုဏ္ဏေးမကြီးသည် ထိုငွေကိုသုံး၍ ပြန်မဆပ်နိုင်သောကြောင့် ငွေရှင်ပုဏ္ဏားအား သမီးငယ်ကိုပေးလိုက်လေသည်၊

ပုဏ္ဏားကြီးသည် ကြွေးသိမ်းမယားဖြစ်သော ပုဏ္ဏေးမငယ်နှင့် ပေါင်းသင်းလာခဲ့ရာ အတန်ကြာသောအခါ ပုဏ္ဏေးမငယ်သည် ပုဏ္ဏားကြီးအပေါ်၌ အလိုမပြည့်သဖြင့်ထမင်းချက်အစေခံငှားရန် အပြင်သို့ထွက်၍ငွေအရှာခိုင်းလေသည်။ ပုဏ္ဏားသည် သွားမည်ဟု ဝန်ခံ၍ လမ်းတွင်စားရန် မယားက အဆုတ်မုန့်နှင့် မဆုတ်မုန့်တို့ကို ပြုလုပ်ကာ သားရေအိပ်တွင် အပြည့်ထည့်၍ ပေးလိုက်လေသည်။

ပုဏ္ဏားသည်ငွေရှာထွက်ခဲ့ရာများမကြာမီပင်အသပြာ(၇၀၀) ကိုရခဲ့သဖြင့် မိမိရွာသို့ ပြန်ခဲ့လေသည်။ ရေပြည့်စုံသော နေရာ

ဘခုသို့ရောက်သောအခါ အိမ်မှပါခဲ့သော မုံ့အိတ်ကိုချ၍ စားပြီး သျှင် ရေအိုင်သို့ ဆင်းကာ ရေသောက်လေသည်။ ထို့နောက် မုံ့အိတ်ကိုပြန်စည်း၍ ပြန်ခဲ့ရာ ခရီးအကြားသို့ ရောက်သောအခါ ရက္ခစိုးသည် ပုဏ္ဏားဓါ်ရှေ့မှနေ၍ 'အသင်ပုဏ္ဏား၊ သင်သည် ယနေ့ သင့်အိမ်ရောက် မပြန်ခဲ့သော် အသင် သေရလတ္တံ့။ အိမ် ရောက်အောင်ပြန်သော် သင်၏မယားသေရလတ္တံ့ဟု ပြောဆိုကာ ပျောက်ကွယ်သွားလေတော့သည်။

ပုဏ္ဏားသည် ရက္ခစိုးနတ်မင်း၏ စကားကိုကြား၍ မိမိသေရ မည့်ကိုလည်းကြောက်၊ မိမိ၏မယားသေမည့်ကိုလည်းစိုးရိမ်သဖြင့် အကြံကုန်စဉ်းစားရင်း တရွေ့ရွေ့လျှောက်လာခဲ့ရာ ဗာရာဏသီ မြို့တွင်းသို့ ဝင်ရောက်မိခဲ့သည်။ ထိုအခါ သေနကအမတ်ထံ တရား နာသွားကြသော မြို့သူမြို့သားများကိုမြင်၍ ပုဏ္ဏားသည် မိမိ သေဘကကို ပယ်ဖျောက်နိုင်လိမ့်မည်ဟုမျှော်လင့်ချက်ဖြင့် တရား ပွဲသို့ လိုက်ပါခဲ့သည်။

တရားပွဲပြီးဆုံးသောအခါ ပရိသတ်အပေါင်းတို့သည့်ရှင်လန်း ဝမ်းမြောက် နှစ်သက်စွာ အနုမောဒနာပြု၍ ပျော်ပျော် ပါးပါး ရှိကြသော်လည်း မရွှင်မပြ မျက်ရည်ကျလျက်ရှိသော ပုဏ္ဏားကို သေနကအမတ်မြင်သဖြင့် မေးမြန်းလေသည်။ ပုဏ္ဏားသည် ရက္ခစိုး နတ်မင်းက ပြောဆိုလိုက်သောစကားကို သေနကအမတ်အား ပြောကြား၍ အောက်ပါအတိုင်းပြောဆိုမေးမြန်း၏။

## ပုဏ္ဏားအမေး

မိယျေထ ဘရိယာ ဝဇတော မမဇ္ဇ
အဂစ္ဆတော မရဏမာဟ ယက္ခော

ဧတေန ဒုက္ခေန ပဝေဓိတော သို
အက္ခာဟိမေ သေနက ဧတမတ္ထံ။ ။

## မြန်မာပြန်

| | |
|---|---|
| ဗြဟ္မဏ | ပုဏ္ဏားး |
| အဇ္ဇ | ယနေ့ |
| မိယျေထ | သေကုန်ရာ၏ |
| ဝဇာတော | အိမ်သို့သွားသည်ရှိသော် |
| ဘရိယာ | မယားး၏ |
| မရဏံ | သေခြင်းသည် |
| ဟောတိ | ဖြစ်အံ့ |
| အဂစ္ဆတော | မသွားသည်ရှိသော် |
| မမ | ငါ၏ |
| မရဏံ | သေခြင်းသည် |
| ဟောတိ | ဖြစ်အံ့ |
| ဣတိ | ဤသို့ |
| ပဏ္ဍော | ရက္ခစိုးနတ်သည် |
| အာဟ | ပြောဆိုသွား၏ |
| ဧတေန နဒုက္ခေန | ထိုဆင်းရဲဖြင့် |
| ပဝေဓိတော | တုန်လှုပ်သည် |
| အသ္မိ | ငါမှာဖြစ်၏ |
| သေနက | သေနကအမတ်မင်း |
| မေ | ငါ့အား |
| ဧတမတ္ထံ | ထိုအကြောင်းကို |
| အက္ခာဟိ | ဖြေကြားပါလော့။ ။ |

## စကားပြေ

အမောင်ပုဏ္ဏား ယနေ့ အိမ်အရောက်ပြန်လျှင် သင့် မယားသေရမည်။ အရောက်မပြန်လျှင် သင်ပုဏ္ဏား သေ မည်ဟု ရက္ခစိုးနတ်ကပြော၏။ ထိုသေခြင်း ဒုက္ခကြောင့် ကျွန်ုပ်မှာမရပ်တည်နိုင်အောင်ဖြစ်ရပါ၏။ သေနကပညာရှိ အမတ်မင်း၊ ထိုအကြောင်း အကျွန်ုပ် နားမလည်နိုင်သဖြင့် ဖြေကြားပေးပါဟု တောင်းပန်မေးမြန်းခြင်းဖြစ်သည်။

ထိုစကားကို ကြားသောအခါ သေနကအမတ်သည် သေခြင်း အကြောင်းများစွာကို စဉ်းစားရင်း ပုဏ္ဏားကို သေချာစွာကြည့် လိုက်လျှင် အထုပ်တခုကို ကျောပိုးထားသည်ကို မြင်ရသည်။ ထိုအခါ သေနကအမတ်က မည်သည့် အထုပ်ဖြစ်သနည်းဟုမေး၏။ ပုဏ္ဏားက မုံ့ထုပ်ဖြစ်သည်ဟု ဖြေ၏။ ၎င်းအထုပ်ကို လမ်းတွင် ထိုင်၍ ဖွင့်စားသလောဟု မေး၏။ စား၏ဟုဖြေ၏။ စားပြီးလျှင် ရေထသောက် သလောဟုမေး၏။ သောက်၏ဟုဖြေ၏။ရေသောက် နေစဉ် မုံ့ထုပ်ကို ပိတ်ထား၏လောဟုမေး၏။ မပိတ်ပါဟုဆို၏။ ရေသောက်ပြီး၍ပိတ်သောအခါ အထဲသို့ နှိုက်ကြည့်၏လောဟု မေး၏။မကြည့်ပါဟု ဖြေ၏။ ထို့နောက် သေနက အမတ်က အောက်ပါအတိုင်းဖြေ၏။

## အမတ်အဖြေ

ဗဟူနိ ဌာနာနိ ဝိစိန္တယိတွာ
ယမေတ္တဝက္ခာမိ တဒေဝသစ္စံ
မညာမိတေ သတ္တုဘသ္တံ
အဇာနတော ကဏှသပ္ပေါပဝိဋ္ဌော။

## မြန်မာပြန်

| | |
|---|---|
| ဗြဟ္မဏာ | ပုဏ္ဏား |
| ဗဟူနိ | များစွာကုန်သော |
| ဌာနာနိ | အကြောင်းတို့ကို |
| ဝိစိန္တယိတွာ | ကြံ၍ |
| ဧတ္ထ | ဤအကြောင်းတို့တွင် |
| ယံ | အကြင်အကြောင်းတခုကို |
| ဝက္ခာမိ | ငါဆိုအံ့ |
| တဒေဝ | ထိုငါဆိုသော အကြောင်း သည်သာလျှင် |
| သစ္စံ | မှန်၏ဟူ၍ |
| မညာမိ | အောက်မေ့၏ |
| အဇာနတော | မသိစဉ် |
| တေ | သင်၏ |
| သတ္တုဘသ္တံ | မုံ့အိတ်တွင်းသို့ |
| ကဏှသပ္ပေါ | မြွေဟောက်သည် |
| ပဝိဋ္ဌော | ဝင်၍နေ၏။ |

## စကားပြေ

အမောင်ပုဏ္ဏား ဒေသခြင်း၏ အကြောင်းမျိုးစုံကို စဉ်းစားဆင်ခြင်၍ ငါဆိုမည့် အကြောင်းသည် အမှန်ဖြစ်ဖြစ်မည်ဟု ထင်၏။ အသင်မုံ့စား၍ ရေသောက်စဉ် သင်မသိခိုက် သင်၏မုံ့အိတ်တွင်းသို့ မြွေဟောက်ဝင်၍ ခွေနေသည် ဖြစ်ရာ၏ဟု အဖြေပေးလေသည်။

သေနက အမတ်သည် အမောင်ပုဏ္ဏားနှင့် မုံ့အိပ်ထဲတွင် မြွေဟောက်ရှိသည်။ အသင်သည် ယနေ့အိမ်အရောက် မပြန်ခဲ့သော် အိပ်ထဲသို့နှိုက်၍ မုံ့စားမည် ထိုအခါမြွေဟောက်ကိုက်၍ သေရလတ္တံ့။ အိမ်အရောက်ပြန်ခဲ့သော်သင်၏မယား မည်သည့်ပစ္စည်းပါသနည်းဟု အိပ်ကိုဖွင့်လိမ့်မည် ထိုအခါမယားဖြစ်သူ သေရလတ္တံ့။ ထို့ကြောင့် ရက္ခစိုးစကားသည် မှန်၏ဟုဆို၍လူအများ၏ ရှေ့တွင် မုံ့အိပ်ကိုလှံတန်ဖြင့် ဖွင့်လေရာ အဆိပ်ပြင်းလှစွာသော မြွေကိုတွေ့မြင်ကြရလေသည်။

ဤသို့လျှင်မြန်နက်နဲသော ဉာဏ်ပညာဖြင့် သတ္တဝါများအားကယ်ဆယ်၍ ပါရမီဖြည့်ခဲ့လေသည်။

## ဇာတ်သိမ်း

ဤဉာဏ်ကြီးရှင် တရားတော်၌ ပါဝင်သော ဇာတ်ကောင်များကား။

၁။ သေနကအမတ် ဘုရားအလောင်းတော်
၂။ ပုဏ္ဏား ရှင်အာနန္ဒာအလောင်း
၃။ ရက္ခစိုးနတ် ရှင်သာရိပုတ္တရာအလောင်း
၄။ ထိုအခါ စုဝေးလျက်ရှိသော ပရိသတ် အပေါင်းကား ယခုအခါ မုဒ္ဓပရိသတ်များ ဖြစ်ကြလေသည်။

## သင်္ဂဟကဗျာများ

၁။ သေနကဟု မည်ပြုသေချာ
ပညာရှိမတ် ဖြစ်လတ်မာရာ

တိုင်းသူပြည်သား အားထားစရာ
ကောင်းအောင်ပြု ဟောမှုစဉ်အလာ။

၂။ တယောက်ပုဏ္ဏား ထွက်သွားငွေရှာ
အပြန်ခရီး ဆုံစည်းသူ့မှာ
သင်နှင့်မယား သေခြားတခါ
ရက္ခစိုး ပြောရိုးသူ့တွက်တာ။

၃။ သေရမည့်ဘေး မအေးပူပင်
သေနကသို တွေ့ဘို့သူဝင်
ပညာခဏ်းဖြင့် အစွမ်းပြလျှင်
အမည်ပြုခေါ်မှု ဥာဏ်ကြီးရှင်
ပညာပါရမီခဏ်းပြီး၏။

# (၅) သူ့လက်သံ

## "ဝိရိယနှင့် မဟောသဓာကျေ"

အလောင်းတော်များဘဝနဲ့ အစစတူယှဉ်ကာညီ
မလျှော့တမ်းတည်ရှိကြတဲ့ ဝိရိယပါရမီ
ဖြည့်စွမ်းကာအားသစ်မှ ဘုရားအဖြစ်ရောက်တော်မူလာသည်
သဗ္ဗညုရှိန်တံခိုးမို့ ဦးနှိမ်ချီးလို့ ရှိခိုးအဥ္စလီ။
အဲဒါကြောင့် ဖန်ဖန်မသွေ
မှန်ကန်သော သစ္စာစကားကြောင့်ပေ
တို့သူငါသတ္တဝါများဝေနေ
ကျန်းမာကြစေ ချမ်းသာကြစေ။
အားလုံးဘဲရှင်ပြုံးကြပါစေ။

ဤဝိရိယပါရမီခဏ်း၌ ဝိရိယေန ပါရမီ ဝိရိယပါရမီဟုဝိဂြိုဟ်ပြု၍ အားထုတ်မှုနှင့် ကမ်းတဘက်သို့ ကူးမြောက်နိုင်ခြင်းကို ဝိရိယပါရမီ ခေါ်ကြောင်းသိအပ်၏။

ဤဝိရိယသည် လူသားနှင့်တကွ သတ္တဝါစာရင်းဝင် အားလုံးတို့အတွက် မရှိမဖြစ်သော အခဏ်းမှ ပါဝင်လျက် ရှိသည်။ ထို့ကြောင့် 'ဝိရိယအကျိုး ကမ်းထက်ဝက်'ဟူ၍၎င်း'ယောကျ်ားတံခွန် လူရည်ချွန်က မိုးစွန်တမွတ် ကြယ်ကိုဆွတ်သော် မလွတ်စတမ်းရမြဲတန်းတည်း' ဟူ၍၎င်း 'ဝိရိယဝတောကိ' နာမကမ္ဗိန သိဇ္ဈတိ' (ဝိရိယရှိသူတိုင်းအဘို့ အဘယ်အမှု ကိစ္စမျိုးတွင်ဖြစ်စေ မပြီးစီးဘဲ ရှိပါအံ့နည်း)ဟူ၍၎င်း 'ဧကာဟံ ဇီဝိတံသေယျော ဝိရိယာ ရဗ္ဘတောဒဠှံ' (ပျင်းရိသူ၏ အသက်တရာရှည်ရခြင်းထက် လုံ့လရှိသူ၏ တရက်မျှ အသက်ရှည်းရခြင်းကား ပို၍မြတ်၏)ဟူ၍၎င်း ဝိရိယအတွက် ထောက်ခံစာ ချီးမွမ်းစာအမြောက်အများ ရရှိထားသဖြင့် ဝိရိယ၏တန်ဘိုးနှင့် အောင်မြင်မှုကိုလူတိုင်းပင် သိအပ်ကုန်၏။

ဤဝိရိယ ပါရမီနှင့် ပတ်သက်၍ ဧကနိပါတ်ဇာတ်တော်၌ဇွဲမရှိသော ရဟန်းတပါးကို အကြောင်းပြု၍ ဟောတော် မူခဲ့သော 'ပဥ္စာဝုဓ' ဇာတ်တော်ကို ကြည့်ရှုအပ်၏။

လွန်လေပြီးသော အတိတ်အခါက ဗာရာဏသီ ပြည့်ရှင် ဘုရင်ဗြဟ္မဒတ်၌ သားတော်တပါး ဖွားမြင်၏။ ထိုမင်းသားကို လက်နက်ငါးပါးတို့ဖြင့်ထင်ရှားမည့်သူ ဖြစ်သောကြောင့်(ပဥ္စာဝုဓ) ဟု အမည်မှည့်ထားလေသည်။ ထိုမင်းသားသည် အရွယ်ရောက်လျှင် ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်သို့ သွား၍ ပညာသင်ကြား

တတ်မြောက်သဖြင့် ဆရာပေးလိုက်သော လေး, မြှား၊ သံလျှက်၊ လက်နက်တို့ကိုကိုင်လျက် မိမိတိုင်းပြည်သို့ ပြန်ခဲ့လေသည်။

ပေမ်းခရီးအကြား၌ တောအုပ် တခုကို တွေ့ရလေသည်။ တောအုပ်သို့ မဝင်မီ မြင်သူအပေါင်းတို့က ဤတောအုပ်အတွင်း၌ စေးကပ်ချွန်ထက်သော အမွေးရှိသောဘီလူးရှိသည်။ ထိုဘီလူးသည် လာသမျှ လူအပေါင်းကို စား၍နေသည်။ ထို့ကြောင့် မသွားလေနှင့် မင်းသားဟု ဆိုသော်လည်း မိမိ၏အကြံဖြင့် ထိုတောအုပ်တွင်းသို့ ဖြတ်သန်းသွားလေသည်။ ထိုအခါဘီလူးသည် မင်းသားကိုဖမ်း၍ စားမည်အပြုတွင် အသင့်ပါသော မြှားဖြင့် ပစ်ခတ်ရာမြှားအစင်း ငါးဆယ်ကုန်လေသည်။

ပစ်တိုင်းပစ်တိုင်းသော မြှားသည် ဘီလူး၏ကိုယ်ကို မထိဘဲ အမွေး၌သာ ကပ်ညိနေလေသည်။ ထိုမြှားတို့ကိုခါချ၍ ရှေ့သို့ တိုးလာသောအခါမင်းသားကသန်လျှက်ဖြင့်ခုတ်၏အမွေးတွင်ကပ်၍နေပြန်ရာတောင်ဖြင့် ၎င်းဆောက်ပုတ်ဖြင့်၎င်း ရိုက်ခတ်၏ ကပ်၍နေပြန်၏။ ထိုသို့လက်နက်ကုန်သောအခါ လက်နှစ်ဘက်ဖြင့်၎င်း၊ ခြေနှစ်ဘက်ဖြင့်၎င်း၊ ဦးခေါင်းဖြင့်၎င်း၊ ရိုက်, နှက် ထိုး, ကန်,၍ တိုက်ပြန်ရာ အားလုံး ငြိကပ်နေသောကြောင့် မလှုပ်နိုင်အောင် ရှိလေသည်။

ထိုအခါ ဘီလူးသည် ဤယောကျ်ားကား လက်နက်များ ကုန်သည့်ပြင် ခြေနှစ်ဘက် လက်နှစ်ဘက်ဖြင့် ဦးခေါင်းပါ ငါးဖြာအလုံး ငါ့အမွေးတွင် ကပ်ညိ၍ မလှုပ်နိုင်သည့်တိုင်အောင် ထိတ်လန့်ခြင်း မရှိပေ။ ဤသူကား လူသာမာန်မဟုတ် လူခြသေ့ ဖြစ်မည်ဟုကြံ၍ 'အသင်လူသား အဘယ့်ကြောင့် ထိတ်လန့်ခြင်း

မရှိသနည်း’ဟု မေး၏။ မင်းသားက လူတယောက်အတွက်တကြိမ် သေရခြင်းသည် မလွဲသာမရှောင်သာပင်မြလျှ၏။ ငါ၏ ဝမ်းဗိုက်အတွင်း၌ ဝရဇိန်လက်နက်ရှိ၏။ ထို့ကြောင့်ငါ့ကို စားသော်အသင်သည်လည်း အစာမကြေသဖြင့် သေရပေမည်။ ထိုသို့ အသင်ရော ငါပါ နှစ်ယောက်လုံးသာ သေရမည်ဖြစ်သောကြောင့် ငါမကြောက်လန့်ခြင်းဖြစ်သည်ဟု ဖြေဆိုလေသည်။

ထိုစကားကိုကြား၍ ဘီလူးသည် မစားဝန့်တော့ဘဲ မင်းသားကို ပြန်လွှတ် သောအခါ မင်းသားက အသင်းသည် ရှေးက မကောင်းမှုကြောင့် ယခုအသားစား ဘီလူးဖြစ်ရပေသည်။ ယခုဘဝတွင်လည်း အသက်သတ်မှုများကို ဆက်လက်ပြုလုပ်နေပါက လာမည့် အနာဂါတ်ဘဝတွင် မတွေးဝန့်အောင် ဖြစ်ရပေမည်။

ယို့ကြောင့် ယနေ့မှစ၍ သတ်ဖြတ်မှုများကို ရှောင်ရှားပါလော့ဟု တိလူးအားဆုံးမ၍ တိုင်းပြည်သို့ ပြန်ခဲ့ရာရောက်လျှင် မင်းဖြစ်၍ ဒါနစသော အမှုများကို အားထုတ်၍ သုဂတိပရာယဖြစ်လေသည်။

ဘီလူးလည်း ထိုအချိန်မှစ၍ အသက်သတ်မှုများ ရှောင်ရှားသဖြင့် ပူအပေါင်းတို့ ချမ်းသာရကြလျှက် ဝမ်းမြှောက်ကြလေသည်။ ဗုဒ္ဓအရှင် ထိုအကြောင်းများကို ပြန်ပြောင်း ထုတ်ဖေါ်၍ အောက်ပါအတိုင်း ဟောကြားတော်မူလေသည်။

ယောအဝိ နေနိဗ္ဗာနံ၊ အလီနမနသော နရော
ဘာဝေတိ ကုသလံ ဓမ္မံ ယောဂက္ခေမဿ ပတ္တိယာ
ပါပုဏေ အနုပုဗ္ဗေန၊ သဗ္ဗသံယောဇနက္ခယံ။

# မြန်မာပြန်

| | |
|---|---|
| ယောနရော | အကြင်သူသည် |
| အလီနေန | တွန့်ဆုတ်ခြင်းမရှိသော |
| စိတ္တေန | စိတ်ဖြင့် |
| အလီနမနသော | ပကတိအားဖြင့် တွန့်တိုစိတ် မရှိသည်ဖြစ်၍ |
| ယောဂက္ခမဿ | ယောဂါတို့ဖြင့် ဘေးမရှိသော နိဗ္ဗာန်သို့ |
| ပတ္တိယာ | ရောက်ခြင်းငှာ |
| ကုသလံ | အပြစ်မရှိသော |
| ဓမ္မံ | ဗောဓိပက္ခိယတရား သုံးဆယ့် ခုနစ်ပါးကို |
| ဘာဝေတိ | ပွါးစေ၏ |
| သောနယော | ထိုသူသည် |
| အနုပုဗ္ဗေန | အစဉ်သဖြင့် |
| သဗ္ဗသံယောဇနက္ခယံ | သံယောစဉ် အားလုံးကုန်ဆုံး ရာ အရဟတ္တဖိုလ်သို့ |
| ပါပုဏေ | မလွဲမသွေရောက်ရလေ၏။ |

## စကားပြေ

မည်သူမဆို အကြင်သူသည် ကြိုးစားမယုတ်တွန့်ဆုတ် မရှိ စိတ်အသိဖြင့် နှိပ်စက်ညှင်းပန်းမှုဘေး မရှိသောနိဗ္ဗာန် သို့ ရောက်စေရန် သတိပဋ္ဌာန် သမ္မပတန် ဣဒ္ဓိပါဒ်

ဆူရွေ၊ ဗိုလ်၊ မြောင်၊ မဂ္ဂင်ဟူသော ဘောဓိပက္ခိယ အကျဉ်း (၇)ပါး အကျယ် (၃၇)ပါးကို ပွါးစေ၏။ ထိုသူသည် သံယောစဉ်ဟူသမျှတို့၏ လက်ကျန်မရှိကုန်ဆုံး ခြင်းကို ပြတတ်သော ပရဟတ္တမဂ်၏ အဆုံး အရဟတ္တ ဖိုလ်သို့ မခိုမကပ်ရောက်စေအပ်၏ဟု ဆိုလိုသည်။

## ဇာတ်သိမ်း

ဤသုတ္တလက်သံ တရားတော်၌ ပါဝင်သော ဇာတ်ကောင် များကား

၁။ ပဥ္စဝုဓအေဖြစ် ဘုရားအလောင်းတော်
၂။ ဘီလူး အင်္ဂုလိမာလဖြစ်သည်

## သင်္ဂဟကဗျာများ

၁။ ပဥ္စရုဓနာမအကျော်
မြဟ္မဒတ်မင်း သားရင်းထင်ပေါ်
တက္ကသိုလ်မှ ပြန်ရလေလော်
တောအုပ်ကြီး ကာဆီးတွေ့ရနော်။ ။

၂။ တောအုပ်အတွင်း သက်ဆင်းလေရာ
ဘီလူးကပ်စေး စားရေးခေါ်လာ
မြှားသံချက်ဖြင့် ပစ်နှက်ခုတ်ကာ
လက်နက်များ မွေးဖျားကပ်ရုံသာ။ ။

၃။ မလျှော့ဇွဲဖြင့် အားခဲတွန်းလှန်
ဦးခေါင်းခြေလက် ရိုက်နှက်ကပ်ပြန်

နှုတ်ဖြင့်ကြွမ်းမောင်း အောင်ကြောင်းတဖန်
အမည်ပြု ခေါ်မှုသူ့လက်သံ။ ။
ဝိရိယပါရမီခဏ်းပြီး၏။

# (၆) သက်ဆုံးတိုင်

## ခန္တီနှင့်မေတ္တာကဗျာ

အလောင်းတော်များဘဝနဲ့ အစစတူယှဉ်ကာညီ
သီးခံကာ အမှန်ကြည်တဲ့၊ ခန္တီကွဲ့ပါရမီ
ဖြည့်စွမ်းကာ အားသစ်မှ ဘုရားအဖြစ် ရောက်တော်မူလာသည်
သဗ္ဗညု ရှိန်တံခိုးမို့ ဦးနှိမ်ချိုးလို့ ရှိခိုးအဓွလီ။ ။

အဲဒါကြောင့်ဖန်ဖန်မသွေ
မှန်ကန်သောသစ္စာစကားကြောင့်ပေ
တို့သူငါသတ္တဝါများဝေနေ
ကျန်းမာကြစေ ချမ်းသာကြစေ
အားလုံးဘဲရွှင်ပြုံးကြပါစေ။ ။

ဤခန္တီ ပါရမီခန်း၌ (သီးခံခြင်း) ဆိုသည်မှာ မိမိအား ကိုယ်ထိလက်ရောက်ဖြစ်စေ၊ နှုတ်ဖြင့်ပြောဆို၍ဖြစ်စေ၊ သို့မဟုတ် မိမိ၏အသက်အိုးအိမ်စည်းစိမ် ဆုံးရှုံးမှုဖြစ်အောင် တနည်းနည်းဖြင့် လုပ်ကြသည်ဖြစ်စေထိုသို့ညှင်းပန်းမှု ဖြစ်ပေါ်သောအခါမျိုး၌ စိတ်ပျက်မှု၊ စိတ်ဆိုးမှုများ မရှိခြင်းကို ဆိုလိုသည်။ ထို့ကြောင့် ခန္တီ၏မူရင်းမှာ အဒေါသစေတသိတ်သာဖြစ်သည်။

ခန္တီယာပါရမီ ခန္တိပါရမီဟု ဝဓနုဇ္ဇပြု၍ သည်းခံမှုဖြင့် ကူးမြောက်နိုင်ခြင်းကို ခန္တိပါရမီ, ခေါ်ကြောင်းသိအပ်၏။

ဤခန္တီပါရမီနှင့်ပတ်သက်၍စတုက္ကနိပါတ်၌ ဟောကြားခဲ့သော "ခန္တိဝါဒီ"ဇာတ်တော်ကို ထုတ်ဆောင်ကြည့်ရှုအပ်၏။

ရှေးလွန်လေပြီးသော နှောင်းခေတ်အခါက ဗာရာဏသီပြည်ကို "ကလာဗု"မည်သော မင်းအုပ်စိုး၏။

ထိုဗာရာဏသီမြို့တော်နှင့် အလှမ်းဝေးကွာလှသော တောနက်ကြီးတွင် ခန္တိဝါဒီ မည်သောရသေ့တပါးရှိသတတ်—

ထိုရသေ့ကား ပစ္စည်းကြွယ်ဝလှသော ပုဏ္ဏားသူဌေးမျိုးမှ တဦးတည်း ကျန်ရစ်သောသားဖြစ်၍ ရှိပစ္စည်းအားလုံးကို စွန့်ကြဲပေးကမ်းကာ ဤတောင်မြိုင်တန်းမှာ ရသေ့ရဟန်းပြု၍ ရဟန်းတရားအားထုတ်နေသူ ဖြစ်သည်။

တနေ့သောအခါ ထိုခန္တိဝါဒီ ရသေ့သည် ချဉ်-ဆားမှီဝဲလိုသဖြင့် ဗာရာဏသီမြို့တွင်းသို့ ဆွမ်းခံဝင်ခဲ့လေရာ ကြည်ညိုဖွယ်ရှိသော အမတ်စစ်သူကြီးတယောက် ဆွမ်းစသည်တို့ဖြင့် ပြုစု၍ ဘုရင့်ဥယျာဉ်တော်၌နှစ်ရက် သုံးရက်နေထိုင်ရန် တောင်းပန်သောကြောင့် ထိုဥယျာဉ်တွင် ခေတ္တ သီတင်းသုံးလျက် ရဟန်းတရားအားထုတ်နေလေသည်။

ထိုသို့သီတင်းသုံးခိုက် ပြည်ပိုင်"ကလာဗု"မင်းသည် မင်းခဏ်းမင်းနားနှင့်တကွ ဥယျာဉ်တော်သို့ အပျော်အပါး ထွက်ခဲ့ရာ ဥယျာဉ်တွင်းရှိ ကျောက်ဖျာပေါ်တွင် အပျိုတော်တယောက်၏ ရင်ခွင်၌ ဦးခေါင်းချ၍ အိပ်စက်လေသည် ထိုအချိန်တွင် မင်း

ပရိတ်သတ် အပေါင်းလည်း မိမိတို့အလိုရှိရာ ပန်းမန်စသည်တို့ ကြည့်ရှုရန် လှည့်လည်သွားလာကြသည် ထိုကြည့်ရှုသူများအထဲမှ အပျိုတော်အုပ်တစုသည်ကား ဥယျာဉ်တွင် ခေတ္တသီတင်းသုံးနေသော ခန္တီဝါဒီ ရှင်ရသေ့ကို အဆင်သင့် တွေ့ရှိသဖြင့် ရသေ့ထံ တရားတောင်းကာ တရားနာကြား၍ နေကြလေသည်။

'ကလာဗု' မင်းအိပ်ယာမှ နိုးလတ်သော် ပရိသတ်များကိုမမြင်၍ လိုက်လံကြည့်ရှုသောအခါ တရားနာနေကြသော အပျိုတော်တစုကို ရှေးဦးစွာတွေ့ရသဖြင့်—

''ဤရသေ့ကား ဥယျာဉ်တွင်းသို့ ဝင်ကာ ငါ၏အပျိုတော်များကို ကြာခိုနေသော အယောင်ဆောင် ရသေ့ယုတ်ဖြစ်သည် ဟုဆိုကာ အမျက်ဒေါသကြီးစွာ ဖြစ်လေသည်။

ထို့နောက် ကလာဗုမင်းက ရသေ့ကို'ဟယ်ရသေ့ ဤဥယျာဉ်တွင်းသို့ အမိန့်မရဘဲ ဘယ်ကလာပြီး ဝင်နေသနည်း သင့်မှာ ဘယ်ဝါဒရှိသနည်း ဘယ်အလေ့အထ ရှိသလဲ ပြောစမ်းဟု ငေါက်ဆတ်ဆတ် မေးလေသည်။ အခါ ရှင်ရသေ့က (သမ္ဗုဒ္ဓ ခန္တီဝါဒေါဟံ) ငါသည် အရာရာ၌ သီးခံမှုဟူသော ခန္တီဝါဒ အပြည့်အဝရှိသည်ဟု ဖြေကြားလေသည်၊

ရသေ့၏ အဖြေကိုကြားသောအခါကလာဗုမင်းသည် ဒေါသ ထွက်ခိုက်နှင့် ကြုံကြိုက်သဖြင့် သီးခံမှုကို လက်တွေ့စမ်းသပ်မည် ဆိုကာ ရသေ့၏လက်နှစ်ဘက်ကို ဓါးထက်ထက်ဖြင့်တချက်ထည်း ခုတ်ဖြတ်လိုက်လေသည်။ ရသေ့သည် မိမိ၏လက်အပြတ်များမှ

သွေးဖြာဖြာဆင်းနေသော်လည်း ခန္တီပါရမီကို အောက်မေ့ကာ အပုံးမပျက် နေနိုင်ခဲ့လေသည်။

ထိုသို့အပြုံးမပျက်သည့် ခံနိုင်သည်ကိုမြင်သောအခါက ကလာဗုမင်းသည် ခြေနှစ်ဘက်ကိုဖြတ်၍ နောက်ထပ် စမ်းသပ်ပြန်သော်လည်း ရသေ့က အပြုံးမပျက်ပင် သီးခံနိုင်လေသည် ထို့နောက် ကလာဗုမင်းသည် ရသေ့နှင့် နားရွက်နှစ်ဘက်နှင့် နှာခေါင်းတို့ကိုပါဖြတ်၍ အပြီးသပ် အကဲစမ်းကာ ခပ်ကြမ်းကြမ်းထွက်ခွါသွားလေတော့သည်။

ထို့နောက်မှ သီတင်းသုံးရန်တောင်းပန်ထားသော စစ်သူကြီးသည် သွေးရဲရဲနီ၍ နေသော ရသေ့ကို ပွေ့ပိုက်ကာ အောက်ပါအတိုင်း လျှောက်ထားတောင်းပန်လေသည်။

## တောင်းပန်ချက်

ယောတေ ဟတ္ထေ စ ပါဒေ စ၊ ကဏ္ဏနာသဉ္စ ဆေဒယိ

တဿ ကုဇ္ဈ မဟာဝီရ၊ မာရဋ္ဌံ ဝိနာသယ ဣဒံ။

## မြန်မာပြန်

| | |
|---|---|
| မဟာဝီရ | ကြီးသော ဝီရိယ ရှိတော်မူသော ရသေ့ |
| ယော | အကြင်မင်းသည် |
| တေ | ရှင်ရသေ့၏ |
| ဟတ္ထေ စ | လက်နှစ်ဘက်တို့ကိုရင်း |
| ပါဒေ စ | ခြေထောက်နှစ်ဘက်တို့ကိုရင်း |
| ကဏ္ဏနာသဉ္စ | နားနှင့်နှာခေါင်းတို့ကိုရင်း |

| | |
|---|---|
| ဆေဒယိ | ဖြစ်တောက်လေပြီ |
| တဿ | ထိုဖြတ်သော မင်းအား |
| ကုဏ္ဍ | အမျက်ထွက်တော်မူပါဘုရား |
| ဠုဒံရဋ္ဌံ | ဤဗာရာဏသီ နိုင်ငံတော်ကို |
| မာဝိနာသ | ဖျက်ဆီးတော်မမူပါလင့်။ |

## စကားပြေ

ကြီးမြတ်သော ဝိရိယရှိသော ရှင်ရသေ့ ကလာဗုမင်းသည် ရှင်ရသေ့၏ ခြေ, လက်, နား,နှာခေါင်းတို့ကို ဖြတ်၏။

ထိုမင်းကိုသာ အမျက်ထားတော်မူပါဘုရား။

ကျွန်ုပ်နှင့်တကွ တိုင်းသူပြည်သား အပေါင်းတို့သည်ကား သဘောတူ၍ ကြည့်နေခြင်းမဟုတ်ပါ။အသက်ဘေးကြောက်သဖြင့် ကြည့်နေကြခြင်းသာ ဖြစ်ပါသောကြောင့် ဤတိုင်းပြည်ကြီးကို မပျက်စီးပါစေကုန်လင့် တိုင်းပြည်ကို သီးခံတော်မူပါ ဘုရားဟု တောင်းပန်လိုက်လေသည်။

## ရသေ့စိတ်ထား

ယောမေဟတ္ထေ စ ပါဒေစ၊ ကဏ္ဏနာသဉ္စ ဆေဒယိ
စိရံ ဇီဝတုသောရာဇာ၊ နဟိကုဇ္ဈန္တိမာဒိသာ။

## မြန်မာပြန်

| | |
|---|---|
| ယော | အကြင်ကလာဗုမင်းသည်။ |
| မေ | ငါရသေ့၏ |

| | |
|---|---|
| ဟတ္ထေစ | လက်တို့ကိုရင်း |
| ပါဒေစ | ခြေတို့ကိုရင်း |
| ကဏ္ဏနာသဉ္စ | နားနှင့် နှာခေါင်းတို့ကိုရင်း |
| ဆေဒယိ | ဖြတ်တောက်ပြီး |
| သော | ထိုကလာဗုမင်းသည် |
| စိရံ | နှစ်ပေါင်းများစွာရှည်မြင့်ကြာအောင် |
| ဇီဝတု | အသက်ရှည်ပါစေသတည်း။ |
| မာဒိသာ | ငါကဲ့သို့သော မေတ္တာ အလေ့အလောင်း လျှာတို့သည် |
| နဟိကုဇ္ဈန္တိ | ရန်ညိုးမဖက် အမျက်မထွက်ကုန် |

## စကားပြေ

ဒိုတကာတော်အမောင်မဟာ စစ်သူကြီး ငါ၏ ခြေ လက်-နား-နှာခေါင်းတို့ကို အကြောင်းမဲ့ ဖြတ်တောက် သွားသော သင်တို့၏ မင်းကြီးသည် နှစ်ပေါင်းများစွာ ကျမ္မာချမ်းသာ၍အသက်ရာကျော်ရှည်စေသတည်း ငါကဲ့သို သီးခံမှုအပြည့် အစရှိသော သူတို့မည်သည် ဘယ်အခါ မျိုးမှ ရန်ညိုးမဖက် အမျက်မထွက်ကြကုန် ဤသို့ မိမိစိတ် ထားကို ဖြေကြားလေသည်၊

ထို့နောက် ခန္တီဝါဒီရသေ့သည် ဒဏ်ရာဒဏ်ချက်မသက်သာ ၍အသက်ပါရှုံးဆုံးရလေသည်၊ ကလာဗုမင်းကိုလည်းမြေခွဲ၍မြေမျို ပွဲမြဲ၍ သွားလေသည်၊

## ဇာတ်သိမ်း

ဤသက်ဆိုင်ရာ တရားတော်၌ ပါဝင်သော ဇာတ်ကောင်များကား—

၁။ ခန္တီဝါဒီရသေ့ ဘုရားအလောင်းတော်
၂။ မဟာစစ်သူကြီး အရှင်သာရိပုတ္တရာ
၃။ ကလာဗုမင်း အရှင်ဒေဝဒတ်တို့ဖြစ်ကြသည်။

## သင်္ဂဟ ကဗျာများ။

၁။ သီးခံမှု မည်ပြခန္တီ
တောမြိုင်ပျော်မွေ့ ရသေ့ဝါဒီ
ချဉ်ဆားမှီဝဲ မြို့ထဲကြွချီ
ဗာရာဏ လာရဥယျာဉ်ဆီ

၂။ ကလာဗုမင်း ထွက်ခြင်းဥယျာဉ်
ထိုရသေ့နှင့် တွေ့ခွင့်ကြုံလျှင်
ခန္တီကျင့်မြတ် စမ်းသပ်လိုက်ခြင်
ခြေ-လက်-နား ဖြတ်သွားနှာခေါင်းပင်

၃။ ဒေါသမထွက် ပြုံးလျက်ပိုင်ပိုင်
ဒဏ်ရာဒဏ်ချက် သွေးပွက်မနိုင်
အသက်ကုန်ခန်း ကြုံနှမ်းခွေယိုင်
အမည်ပြုခေါ်မှု သက်ဆုံးတိုင်။

ခန္တီပါရမီခန်း ပြီး၏။

# (၇) မောင်သစ္စာ

## သစ္စာနှင့်မေတ္တာကဗျာ

အလေ့င်းတော်များဘဝနဲ့ အစစတူယှဉ်ကာညီ
အမှန်ပြောဖြစ်လာတဲ့ သစ္စာကွဲ့ပါရမီ
ဖြည့်စွမ်းကာ အားသစ်မှ ဘုရားအဖြစ် ရောက်တော်မူ
လာသည်
သဗ္ဗညု ရှိန် တံခိုးမို့ ဦးနှိမ်ချီးလို ရှိခိုးအဖွဲလိ
အဲဒါကြောင့် ဖန်ဖန်မသွေ
မှန်ကန်သော သစ္စာစကားကြောင့်ပေ
တို့သူငါသတ္တဝါများဝေနေ
ကျမ်းမာကြံစေချမ်းသာကြစေ
အားလုံးဘဲ ရှင်ပြုံးကြပါစေ ။

ဤသစ္စာပါရမီခဏ်း၌ သစ္စာဆိုသည်မှာ တတင္ဒေ့နဲ့ သစ္စံဟူ သော စကားအရသာမည အားဖြင့် ကောင်းသည်ဖြစ်စေ မကောင်း သည်ဖြစ်စေ အမှန်အတိုင်းပြောဆိုမှု ဟူသမျှသည် သဒိသူပစာရ နည်းတူသော တင်စားမှုအားဖြင့် 'သစ္စာ' ပင် မည်လေတော့သည်။ သစ္စာလေးပါးဆိုရာ၌ (အရိယသစ္စာ) ဖြူစင်သော မှန်ကန်သော ဖုံး၍မရသော မှန်ကန်မှုကို ဆိုလိုပါသည်။ ထိုဒုက္ခသမုဒယ၊နိရောဓ၊ မဂ္ဂဟူသော လေးပါးကို (မုချနည်း)တိုက်ရိုက်အားဖြင့် သစ္စာ, ဟု ခေါ်ဆိုရလေသည်။ ထို့ကြောင့် တိုက်ရိုက်ဖြစ်သော အရိယ သစ္စာနှင့်တူသော တင်စားမှုအားဖြင့် သမုတိသစ္စာဟူ၍ နှစ်မျိုး နှစ်စားကွဲပြား၍ တည်ရှိခဲ့လေသည်။ ထိုနှစ်ပါးတို့တွင် အရိယသစ္စာ

သည် ပါရမီအားလုံးနှင့် သက်ဆိုင်သဖြင့် သမုတိသစ္စာသာလျှင် သစ္စာပါရမီခဏ်း၌ သီးသန့်ပါဝင်ရပေမည်။ သစ္စာသည် ဝစီကံသာဖြစ်၍ မုသာဝါဒကံကို လုံခြုံစေခြင်းဖြစ်သည်။

ဤသစ္စာပါရမီနှင့် ပတ်သက်၍ အသီတိနိပါတ်၌ ဟောကြားအပ်သော "မဟာသုတသောမ" ဇာတ်တော်ကို ထုတ်ဖော်ကြည့်ရှုအပ်၏။

လွန်ခဲ့သော နှောင်းခေတ်အခါက လူသားစား"ပေါရိသာဒ" အမည်ခံ ဗြဟ္မဒတ်မင်းသည် လူသားကို မစွန့်လွှတ်နိုင်သဖြင့် တိုင်းပြည်နှင့်တကွ မင်းစည်းစိမ်ကိုစွန့်၍ စားတော်ကဲရသကကိုခေါ်ပြီးလျှင် သံလျက်လက်စွဲကာ တောအတွင်းသို့ ထွက်ခွါခဲ့လေသည် တောအတွင်းသို့ ရောက်သောအခါ ကြီးစွာသော ပညောင်ပင်ကို အမှီပြု၍နေရာ တဲအိုံစသည်တို့ကို ပြုလုပ်လျက် ရရာလူများကို သတ်ဖြတ်ချက်ပြုတ်စားသောက်နေလေတော့သည်။

တနေ့သောအခါ ပေါရိသာဒသည် တောအတွင်းသို့ ဖြတ်မောင်းလာသော လှည်းသားငါးရာ အနက်မှ ဝ,ဖြိုးလှသော ပုဏ္ဏားကို ဖမ်းယူရာ လူအပေါင်းစုဝေး၍ လိုက်ကြသဖြင့် ထွက်ပြေးခဲ့ရလေသည်။ ထိုအခါ ဖမ်းယူခဲ့သော ပုဏ္ဏားကိုချထားခဲ့ရသည့်ပြင် ခြေထောက်တွင် သစ်ငုတ်စူးမိသဖြင့် သွေးဖြာဖြာစီးဆင်းလျက်ပင် ပညောင်ပင် အရောက်ပြေးလာခဲ့ရလေသည်။

ထို့နောက် စိတ်ကူးရသဖြင့် ပညောင်ပင်စောင့် ရုက္ခစိုးနတ်အား အကယ်(၇)ရက်အတွင်း ကျွန်ုပ်၏ အနာပျောက်အောင် စောင်မခဲ့သော် (၁၀) ပါးသော မင်းတို့၏ လည်ချောင်းသွေးဖြင့်

ယဇ်ပူဇော်အံ့ဟု တိုင်တည်၍ နေခဲ့ရာ ကံအားလျော်စွာ ၃ ရက် အတွင်း သွေးသားခမ်းခြောက် ပျောက်ကင်းလေသည်။

ထို့နောက် ရက္ခစိုးနတ် မ,သည်ဟု အယူရှိကာ ယဇ်ပူဇော်ရန် အတိတ်ဘဝက မိတ်ဆွေဖြစ်ခဲ့သော ဘီလူး၏ အကူအညီဖြင့် မင်းတို့ကိုလိုက်၍ ခိုးယူရာ မင်းပေါင်း(၁၀၀)ရရှိ၍ ပညောင်ပင်တွင် တွဲလျားဆွဲ၍ထားလေသည် ကုရုတိုင်း ဣန္ဒပတ္တနဂိုရ်ပြည်ရှင် မဟာသုတသောမ, မင်းတို့ကား တက္ကသိုလ်ပြည်တွင် ပညာသင်စဉ်က လက်ထောက် ဆရာတော်ခဲ့ဘူးသောကြောင့်ရင်း၊ မင်းမဲ့ကမ္ဘာဖြစ်မည်ကြောင့်ရင်း။ ချန်လှပ်၍ထားခဲ့လေသည်။

ရက္ခစိုးသည်မင်းပေါင်းများစွာ သေရမည် စိုးရိမ်မကင်းဖြစ်ကာ ပေါရိသာဒကို ဆုံးမရန် စတုမဟာရာဇ် နတ်မင်းကြီး(၄)ပါးမှ တဆင့် သိကြားမင်းထံ တောင်းပန် ဆွေးနွေးသောအခါ ပေါရိသာဒကို ဆုံးမနိုင်သူကား "မဟာသုတသောမ" မင်းသာ ဖြစ်ကြောင်း ညွှန်ကြားလိုက်လေသည်။ ထို့ကြောင့် ရက္ခစိုးသည် ရဟန်းရောင်ဆောင်ကာ မင်းတပါးလို၍ အကြံယူနေသော ပေါရိသာဒ အနီးသို့ သွားသောအခါ "ရဟန်းသည်လည်း မင်းတမျိုးပင်တည်းဟုဆိုကာ ဖမ်းမည်အပြုတွင် လှပသောနတ်အသွင်ကို ပြလျက် မဟာသုတသောမမင်း၏ သွေးဖြင့် ယဇ်ပူဇော်ခဲ့သော် သင်သည် ငါကဲ့သို့ နတ်သားဖြစ်မည်ဟုဆို၍ ပျောက်ကွယ်ခဲ့၏။

ထို့နောက် ပေါရိသာဒသည် မဟာသုတသောမ မင်းကိုဖမ်းရန် မင်း၏ဥယျာဉ်တော်မှ အသင့်စောင့်ဆိုင်း ပုန်းကွယ်၍နေလေသည်၊

မဟာသုတသောမမင်းသည် ဖုဿနက္ခတ်နှင့် ယှဉ်သဖြင့် ခေါင်းဆေး မင်္ဂလာပြုရန် မြို့တော်မှ စစ်အင်္ဂါလေးပါးဖြင့် ဥယျာဉ်တော်

သို့ အလာတွင် မြို့တံခါးမှ စောင့်ဆိုင်းနေသော တက္ကသိုလ်ပြန် နန္ဒ ပုဏ္ဏားက မိမိရခဲ့သော ကဿပဘုရားဟော ''သတာရဟ'' မည်သော ဂါထာများကို နာကြားလော့ဟု မင်းအားဆိုလေသည်။ မင်းသည် ယခုအခါ လမ်းဖြစ်၍ အပြန်မှသာ ရှိသေစွာ နာကြားပါအံ့ဟုဆို၍ ထိုပုဏ္ဏားအား စည့်ခံနှင့်ရန် အမတ်တဦးအား လွှဲကာ ဥယျာဉ်သို့ထွက်ခဲ့လေသည်။

ဥယျာဉ်တော်သို့ ရောက်လျှင် ပေါရိသာဒသည် မဟာသုတသောမ မင်းကိုဖမ်း၍ ပခုံးဖြင့်ထမ်းကာ ကျော်လွှား ထွက်ပြေးခဲ့သည်။ ပေါရိသာဒ၏နေရာ ပညောင်ပင်သို့ ရောက်သောအခါ မဟာသုတသောမ မင်းက''ကျွန်ုပ်သည် သေရမည်ကိုလည်း မစိုးရိမ်ပါ ကျန်ခဲ့သော ထီးနန်း,မိဖုရား,သားသမီး, တိုင်းပြည်အတွက်လည်း မစိုးရိမ်ပါ။စင်စစ်အားဖြင့် နန္ဒပုဏ္ဏားကို မှာကြားခဲ့သော စကားတခွန်းပျက်မည်ကိုသာ စိုးရိမ်လှပါ၏ ထို့ကြောင့် စကားသစ္စာ မပျက်လိုခြင်းနှင့် တရားနာလိုခြင်းတို့ကြောင့် ကျွန်ုပ်အား ခေတ္တပြန်ခွင့်ပြုပါ တရားနာကြား ပူဇော်ပြီးသောအခါ ဆက်ဆက်ပြန်လာပါမည်''ဟု အမျိုးမျိုး ကျိန်ဆိုတောင်းပန်သဖြင့် ပြန်ခွင့်ရခဲ့လေသည်။

မဟာသုတသောမ မင်းသည် တိုင်းပြည်သို့ရောက်၍ တရားနာကြားရသဖြင့် နန္ဒပုဏ္ဏားအား ပူဇော်သက္ကာရပြုပြီးလျှင် ပေါရိသာဒထံသို့ သစ္စာမပျက်ပြန်ခဲ့လေသည်။ရောက်လျှင် ယဇ်ပူဇော်ရန် မီးပုံ၍ တံစူးဝါးချွန်သော ပေါရိသာဒကို မင်းကကျွန်ုပ်သည် သတာရဟ လေးဂါထာကို နာကြားခဲ့ရပြီ— ကျွန်ုပ်အားသတ်လိုကသတ် စားလိုက စားလော့''ဟု ပြုံးရွှင်သော မျက်နှာထားဖြင့် ပြောလိုက်လေသည်။

ထိုအခါ ပေါရိသာဒသည် တအံ့တသြဖြစ်လျက် "ဤမင်းသည် ကားသေဘေးကို မကြောက်မူ၍ ငါ့လက်တွင်းမှ လွတ်ကင်းပြီး ဖြစ်လျက် သစ္စာကြီးစွာဖြင့်ပြန်လာခြင်းသည် 'သတာရဟ' ဂါထာ တန်ခိုးဖြစ်မည်" ဟု ကြံစည်တွေးတောကာ အောက်ပါအတိုင်း တောင်းဆို၏။

## ပေါရိသာဒ တောင်းဆိုသံ

သုတွာ ဓမ္မံ ဝိဇာနန္တိ၊ နရာ ကလျာဏ ပါပကံ
အပိဂါထာ သုဏိတွာန ဓမ္မေ မေ နိရတေမနော

## မြန်မာပြန်

| | |
|---|---|
| နရာ | လူအပေါင်းတို့သည် |
| ဓမ္မံ | တရားတော်ကို |
| သုတွာ | ကြားနာကုန်ပြီး၍ |
| ကလျာဏပါပကံ | ကောင်းသည်မကောင်းသည်ကို |
| ဝိဇာနန္တိ | သိကြရကုန်၏ |
| ဂါထာ | သတာရဟမည်သော ဂါထာကို |
| သုဏိတွာန | နာကြားရသောကြောင့် |
| မေ | ငါပေါရိသာဒ၏ |
| မနော | စိတ်သည် |
| ဓမ္မေ | တရားတော်၌ |
| နိရတေအပိ | မွေ့လျော်ခြားအံ့လည်း မသိပါ |

## “စကားပြေ

အဆွေသုတသောမ လူတို့မည်သည်ကား တရားမှမှုကို နာကြားရပြီးလျှင် ကောင်း,မကောင်းဟူသော ကုသိုလ် အကုသိုလ်တို့ သိကြကုန်၏။ ယခုပင် အသင်သိခဲ့သော သတာရဟ ဂါထာကိုနာကြားရသော် ကျွန်ုပ်၏စိတ်ဓါတ် များသည် တရားဥမွေ့လျော်၍ နူးညံ့လာမည်လည်း မသိပေါ ထို့ကြောင့် ကျွန်ုပ်အား တဆင့်ဟောကြားတော်မူပါဟု တောင်းပန်လေသည်။

မဟာသုတ သောမ မင်းက ဤသို့ဟောကြား၏။

## “သတာရဟ ဂါထာ”

၁။ သကိံဒေဝ မဟာရာဇ၊ သဗ္ဘိဟောတိသမာဂမောသာနံ
သင်္ဂတိပါလေတိ၊ နသဗ္ဘိဗဟု သင်္ဂမော။

## မြန်မာပြန်

| | |
|---|---|
| မဟာရာဇ | မင်းမြတ် |
| သဗ္ဘိ | သူတော်ကောင်းတို့နှင့် |
| သကိံဒေဝ | တကြိမ်တခါလျှင်သာလျှင် |
| သမာဂမော | ပေါင်းဖေါ်ခြင်းသည် |
| ဟောတိ | ဖြစ်၏ |
| သာသင်္ဂတိ | ထိုအကြိမ်ပေါင်းဖေါ်ခြင်းသည် |
| နံ | ထိုပေါင်းဖေါ်သူကို |
| ပါလေတိ | စောင့်ရှောက်၏။ |

| | |
|---|---|
| အသဗ္ဘိ | သူတော်မဟုတ် သူယုတ်မာတို့နှင့် |
| ဗဟု | အကြိမ်ပေါင်းများစွာ |
| သင်္ဂမော | ပေါင်းဖေါ်ခြင်းသည် |
| နံ | ထိုပေါင်းဖေါ်သူကို |
| နပါလေတိ | မစောင့်ရှောက်။ |

## စကားပြေ

အသင်မင်းမြတ် သူတော်ပေါင်းတို့နှင့် တကြိမ်တခါမျှ ပေါင်းသင်းရမှုသည်။ ထိုသူကို အကျိုး သက်ရောက်အောင် စောင့်ရှောက်နိုင်၏။ သူယုတ်မာတို့နှင့် အကြိမ်ပေါင်းများစွာ ပေါင်းသင်းရခြင်းကား 'မစောင့်ရှောက်နိုင်ဟု ဆိုလိုသည်။

၂။ သဗ္ဘိရေဝ သမာသေထ၊ သဗ္ဘိကုဗ္ဗေထသန္ထဝံ သတံ သဒ္ဓမ္မမညာယ၊ သေယျောဟောတိ နပါပိယော။
(သူတော်ကောင်းတို့နှင့် ဆက်ဆံကြ၊ သူတော်ကောင်းတရားကိုသိ၍ လူတော်ဖြစ်နိုင်၏။ သူယုတ်မာများ မဖြစ်နိုင်ကုန်ဟု ဆိုလိုရင်းဖြစ်သည်)

၃။ ဇီရန္တိ ဝေရာဇရထာ သုစိတ္တာ၊ အထောသရီရမ္ပိဇရံ ဥပေတိ သတဉ္စ ဓမ္မောနဇရံ ဥပေတိ၊သန္တောဟဝေသဗ္ဘိ ပဝေဒယန္တိ။ (ဆန်းကြယ်သော မင်းရထားသည် ပျက်စီးနိုင်၏၊ခန္ဓာကိုယ်ဟူသမျှ အားလုံးအိုမင်း ပျက်စီးနိုင်၏။ သူတော်ကောင်းတရားကား ဘယ်အခါမှ မပျက်စီးနိုင်)

၄။ နဘဉ္စဒူရေ ပထစဒူရေ၊ ပါရံ သမုဒ္ဒဿ တဒါဟုဒူရေ တတောဟဝေ ဒူရတရံဝဒန္တိ၊ သတဉ္စဓမ္မော အသတဉ္စရာဇ

(အမြင့် ကောင်းကင်နှင့် မြေကြီးသည် ဝေးကွာလှ၏။ သမုဒ္ဒရာ၏ ကမ်းတဘက်နှင့် တဘက်သည် ဝေးကွာ၏။ ထိုကောင်းကင်နှင့်မြေ သမုဒ္ဒရာ ကမ်းနှစ်ဘက်တို့၏ ဝေးကွာမှုထက်၊ သူတော်ကောင်းတရားနှင့်သူယုတ်မာတို့၏။ တရားကား ပို၍ဝေးကွာလှ၏ဟု ဆိုလိုသည်။

ဤသတာရဟ လေးဂါထာကို ဟောပြီးသော အဆုံး၌ ပေါရိသာဒသည် မဟာသုတသောမ မင်းကိုသတ်ဖြတ်ရန် ကြောက်ရွံ့သည့်အပြင် အလွန်လျှင်ကြည်ညိုသဖြင့်'အလိုရှိသောဆုလေးပါးကို တောင်းလော့၊ ချွင်းချက်မရှိ ငါပေးအံ့'ဟု ဆိုသောအခါ သုတသောမ, မင်းသည် အောက်ပါဆုများကို တောင်းဆိုလေသည်။

၁။ အသင်ပေါရိသာဒကို အနှစ်တရာပတ်လုံး အနာရောဂါကင်းသည် အဖြစ်ကိုမြင်ရလို၏။

၂။ အသင်သည် အဘိသိက်သွန်း၍ အမည်ထူး ရှိကုန်သော ဤမင်းတို့ကို စားခြင်းကို အလိုရှိ၏။

၃။ အသင်သည် ဤမင်းတရားကို သူတို့၏တိုင်းပြည်သို့ ပြန်ပို့ပါရန် အလိုရှိ၏။

၄။ အသင် ပေါရိသာဒသည် လူသားမစားခြင်းကို အလိုရှိ၏။

ဤဆုလေးပါးကိုတောင်းသောအခါ ပေါရိသာဒသည် ချွင်းချက်မရှိပေး၍ မင်းပေါင်း (၁၀၀)တို့ကို ပြန်ပို့လိုက်၏။ မဟာသုတသောမ မင်းသည် ပေါရိသာဒကို သူ၏တိုင်းပြည်သို့ ပို့၍ မင်းအဖြစ်၌ ပြန်၍တည်စေ၏။

ဤသို့လျှင် သေဘေးကိုပင် အရေးမထား သစ္စာကြီးလှသော မဟာသုတသောမ မင်းသည် မိမိ၏သစ္စာဖြင့်မင်း ပေါင်း (၁၀၀)

တို့၏ အသက်ကို ကယ်ဆယ်၍ ပေါရိသာဒကို ဟောချွတ်နိုင်ခဲ့၏။

## ဇာတ်သိမ်း

၁။ မဟာသုတသောမမင်း ဘုရားအလောင်းတော်
၂။ ပေါရိသာဒ အင်္ဂုလိမာလ အလောင်း
၃။ နန္ဒပုဏ္ဏား အရှင်အာနန္ဒာအလောင်း
၄။ ရုက္ခစိုးနတ်မင်း ရှင်မဟာကဿပအလောင်း
၅။ သိကြားမင်း ရှင်အနုရုဒ္ဓါ အလောင်း ဖြစ်ကြသည်။

## သင်္ဂဟကဗျာများ

၁။ ပေါရိသာဒ နာမထင်ထင်
လူသားကိုစား ထွက်သွားတောဝင်
ပညောင်ပင်မြတ် ယဇ်နတ်တင်ချင်
တရားမင်း ချက်ချင်းဖမ်းယူအင်။ ။

၂။ တပါးမင်းမျှ ယင်းကလိုသော်
သုတသောမ ဖမ်းရခုန်ကျော်
ပညောင်စခမ်း ရောက်လှမ်းခုန်ကျော်
သစ္စာဖြင့် ပြန်ခွင့်ရလို့ပျော်။

၃။ သဘေးမကြောက် မဖေါက်သူ့မှာ
တောနက်အတွင်း သက်ဆင်းပြန်လာ

တရားပက်ဖျန်း တက်လှန်းအောင်ခါ
အမည်ပြုခေါ်မှု မောင်သစ္စာ။

သစ္စာပါရမီခန်းပြီး၏။

# (၈) ခံပြုလုပ်သား

## "အဓိဋ္ဌာန်နှင့် မေတ္တာကမျာ"

အလောင်းတော်များဘဝနဲ့ အစစတူယှဉ်ကာညီ
ပိုင်းဖြတ်ကာစိတ်ကြီတဲ့ အဓိဋ္ဌာန်ကွဲ့ ပါရမီ
ဖြည့်စွမ်းကာအားသစ်မှ ဘုရားအဖြစ် ရောက်တော်မူလာသည်
သဗ္ဗညု၊ရှိန်တန်ခိုးမှို့ ဦးနှိမ်ချီးလို့ရှိခိုး အဥ္စလီ။

အဲဒါကြောင့် ဖန်ဖန်မသွေ
မှန်ကန်သော သစ္စာစကားကြောင့်ပေ
တို့သူငါသတ္တဝါများဝေနေ
ကျမ္မာကြစေ ချမ်းသာကြစေ
အားလုံးဘဲ ရှင်ပြုံးကြပါစေ။

ဤအဓိဋ္ဌာန် ပါရမီခန်း၌ အဓိဋ္ဌာန်ဆိုသည်မှာ ပါဠိဘာသာ အားဖြင့် အဓိဋ္ဌာန (အဓိ + ဌာန) အဓိ= လွန်လွန်ကဲကဲ ဌာန = တည်တန့်မှု။ လွန်လွန်ကဲကဲ + တည်တန့်မှုဟု ဆိုလိုသည်။

အဓိပ္ပါယ်ကား မိမိအား သေဘေးနှင့် ရင်ဆိုင်တွေ့နေရ စေကာမူ မိမိပြောဆို စိတ်ကူးသည့်အတိုင်း တသွေမတိမ်း လုပ်ကိုင် ဆောင်ရွက်သည်ကို အဓိဋ္ဌာန်ဟု ဆိုလိုပါသည်။

ဥပမာ—ဤလမ်းစဉ်အတိုင်း လိုက်နာပါမည်။ ယနေ့မှစ၍ ခုနှစ်ရက်တိတိ သီလ ဆောက်တည်ပါမည်။ ဤကိစ္စမပြီးမခြင်း နေရာမှမထအံ့။ ဤသို့စသည်ဖြင့် ပြောဆိုပြီးသောအခါ ပြောဆိုထားသည့်အတိုင်း မလျော့တမ်းပြုရမည်သာတည်း။ အကယ်၍ အကြောင်း တစုံတရာကြောင့် ပျက်ကွက်ခဲ့လျှင် အဓိဋ္ဌာန်ပျက်စီးတော့၏။

သစ္စာနှင့် အဓိဋ္ဌာန်တို့သည် တူသယောင်ရှိသော်လည်း စင်စစ်အားဖြင့် ကွဲပြားကြသည် အထူးကား နှုတ်ဖြင့်ပြောဆိုမှု (ဝစီကံ) မှန်ကန်လျှင် သစ္စာဟု ခေါ်ဆိုသည်။ နှုတ်ဖြင့်ပြောဆိုသည့် အတိုင်း ကိုယ်ဖြင့် ပြုလုပ်၍ အပြောနှင့်အလုပ် ညီညွတ်မှု (ကာယကံ+ဝစီကံ) မှန်ကန်လျှင် အဓိဋ္ဌာန်ဖြစ်သည်။

ဤအဓိဋ္ဌာန်မှုဖြင့် သံသရာမှ ကမ်းတဘက်ဖြစ်သော နိဗ္ဗာန်သို့ ကူးမြောက်သည်ကို အဓိဋ္ဌာန်ပါရမီဟု သိအပ်၏။

ဤအဓိဋ္ဌာန်ပါရမီနှင့်ပတ်သက်၍ ဇာတ်ကြီး ဆယ်ဘွဲ့ အပါအဝင် တေမိယ ဇာတ်တော်ကြီးသည် ထင်ရှားသော အဓိဋ္ဌာန်ပါရမီကိုပြလေသည်။ ။ထိုထက်နှစဉ် အခါက ဆိုလျှင် သတ္တနိပါတ်၌ ဟောကြားခဲ့သော (သုတန)ဇာတ်တော်ကို ထုတ်ဖေါ်ကြည့်ရှုအပ်၏။

ရှေးလွန်ခဲ့သော နှောင်းခေတ်အခါက ဗာရာဏသီ ဘုရင်ပြည့်ရှင်ဘုရင် ဗြဟ္မဒတ်သည် တောလိုက် ဝါသနာ ပါလှသဖြင့် လေးမျှားလက်စွဲကာ အမတ်ကြီးများနှင့်အတူ တောတွင်းသို့ ထွက်ခဲ့ကြလေသည်။ တောအတွင်းသို့ ရောက်သောအခါ ဇေါ်မည်သော သားကောင်ကိုတွေ့၍ တာဝန်ယူပြစ်ခတ်ကြလေရာ မင်းကြီးဘက်မှ

ထွက်ပြေးသဖြင့် မဟာအရှက်တော်ရသောကြောင့် သားကောင်နောက်သို့ တယောက်ထည်းလိုက်လေသည်။

မင်းကြီးသည် သားကောင်ကို ရသဖြင့် ထမ်း၍ ပြန်လာသောအခါ မောပန်းလှသဖြင့် ပညောင်ပင်ခအောက်တွင် ခေတ္တအိပ်လေသည်။ ထိုအခါပညောင်ပင်ကို ပိုင်ဆိုင်သော ဘီလူးသည် ပိုင်နက်အတွင်းရှိ မင်းကြီးကို စားရန်လက်ကိုကိုင်၍ ပြောလျှင် ဘုရင်သည် သေဘေးမှ ကြောက်သဖြင့် "ငါ့ကိုမစားလျှင် ယနေ့မှစ၍ နေ့စဉ်ထမင်းတအုပ်နှင့် လူတယောက်ပို့စေမည်" ဟု ဝန်ခံသဖြင့် လွှတ်ငြိမ်းခွင့်ပေးလိုက်လေသည်။

မင်းကြီးသည် နန်းတော်သို့ ရောက်သောအခါ အမတ်များနှင့် တိုင်ပင်၍ ထောင်တွင်းရှိ အကျဉ်းသားများကို ဘီလူးထံသို့ ထမင်းတအုပ် ပို့စေလေသည်။ ထောင်သားများ ကုန်သောအခါ ပို့မည့်သူ မရှိသောကြောင့် ပို့မည့်သူကိုပေးရန် အသပြာတထောင်ထုပ်ကို ဆင်ပေါ်သို့တင်ကာ လှည့်လည်ကျေညာလေသည်။

ထိုအချိန်အခါ ဗာရာဏသီပြည်၌ "သုတန" အမည်ရှိသော ဆင်းရဲသားတယောက် ရှိလေသည်။ သူသည် အရွယ်ရောက်လျှင် ဘခင်သေဆုံးသဖြင့် မိခင်ကြီး အသက်ရှည်သမျှ ကာလပတ်လုံး မည်မျှပင် ဆင်းရဲပင်ပန်းစေကာမူ မိခင်ကြီးအား စောင့်ရှောက်ကျွေးမွေးရန် ဆုံးဖြတ်ထားလေသည်၊ ထို့ကြောင့် "သုတန"သည် မိမိဆုံးဖြတ်ချက် အဓိဋ္ဌာန်အတိုင်း ဇွဲမလျှော့ဘဲ တနေ့ အတွက် ၂၀ က်(နှစ်ပြား)မျှသာ ရသော လုပ်ခဖြင့် အခစားပြုလုပ်ခါငြိုငြင်စွာဖြင့် မပျက်မကွက် လုပ်ကျွေးပြုစု၍ နေလေသည်။

ယခုလိုမင်း၏ နန်းတော်မှ အသပြာထောင်ထုတ်ဖြင့် ကျေညာသည်ကို ကြားမြင်ရသောအခါ "သုတန" သည် ဆင်းရဲပင်ပန်း

စွာ လုပ်ကိုင်ရသော်လည်း မိခင်ကြီးသည် အစားမဝ ခါးမလှဖြစ်ရသည်။ အသပြာ ထောင်ထုပ်ယူ ဘီလူးထံသို့ သွားသောအခါ အနိုင်ရလျှင်ကောင်း၏။ မနိုင်၍ ငါ့ကိုစားစေကာမူ မိခင်ကြီးတသက် ချမ်းသာစွာ စားသုံးရမည်ဟု စိတ်ပိုင်းဖြတ်ကာ မိခင်ထံ ခွင့်ပန်လေသည်။

မိခင်ထံ သုံးကြိမ်တိတိ ခွင့်တောင်း၍ မရသောအခါ မိခင်မသိအောင် လက်ခံ၍ အသပြာထောင်ထုပ်ကို မိခင်ကြီးအား ပေးပြီးလျှင် ဘုရင့်နန်းတော်သို့လိုက်ပါသွားလေတော့သည်။ နန်းတော်သို့ရောက်သောအခါ သုတနုသည် ဘုရင့်ထံသို့ အောက်ပါ အဆောင်အယောင် ပစ္စည်းများကိုပေးရန် အသနားခံလေသည်။

၁။ ဘုရင်စီးသော ရွှေခြေနင်း

၂။ ဘုရင်ဆောင်းသော ထီးဖြူတော်

၃။ ဘုရင်ကိုင်သော သံလျက်

၄။ ဘုရင်၏ ရွှေခွက်တွင် ဘုရင့်စားတော် ထမင်းထည့်လျက် ဤပစ္စည်းများကို ပေးသနားတော်မူပါဟုဆိုလျှင် ဘုရင်ကလည်း အလွယ်တကူဖြင့်ပင် ပေးလိုက်လေသည်။

ထို့နောက် သုတနုသည် ခြေနင်းကိုစီး, ထီးဖြူကိုဆောင်း သံလျက်ကိုကိုင်ကာ စားတော်ထမင်းကို ရွှေခွက်ဖြင့် ထည့်၍ ယူသွားလေသည် ပညောင်ပင်သို့ ရောက်သောအခါ အပင်ရိပ်အောက်သို့ မဝင်မူ၍ သစ်ပင်ရိပ်အစပ်တွင် ချပြီးလျှင်—

''ဟယ်ပညောင်ပင်စောင့် ဘီလူး ဘုရင့်အမိန့်ဖြင့် ငါလာ၍ ပို့သည်။ ကောင်းမွန်စင်ကြယ်စွာသော— ဤသားပြွမ်းထမင်းကို လာ၍စားလော့ဟုဆို၏။

ထိုအခါ မာဃဒေဝဘီလူးသည် အခါတိုင်းနှင့်မတူ တမူထူးခြားသည့်အပြင် မိမိပိုင်နက်ဖြစ်သော ပဒေါင်ပင်ရိပ်သို့မဝင် မြေကိုလည်း မနင်းသဖြင့် စားခွင့်မရသောကြောင့် စားပေါက်ထွင်ကာ အောက်ပါအတိုင်း ပြောဆို၏။

## ဘီလူးအပြော

ဧဟိမာဏဝ ဩရေန၊ ဘိက္ခမာဒါယသူပိနံ
တွဥ္စမာဏဝဘက္ခာသိ၊ ဥဘောဘက္ခာ ဘဝိဿထ။

## မြန်မာပြန်

| | |
|---|---|
| မာဏဝ | အမောင်လုလင် |
| သူပိနံ | ဟင်းလျာနှင့် ပြည့်စုံသော |
| ဘက္ခံ | ငါ့အတွက် အမြဲဝတ်ထမင်းကို |
| အာဒါယ | ယူဆောင်၍ |
| ဩရေန | ဤပဒေါင်ပင်ဘက်သို့ |
| ဧဟိ | လာခဲ့လော့ |
| တွဥ္စ | သင်လုလင်သည်လည်း |
| ဘက္ခာသိ | ငါ၏အစာပင်ဖြစ်သည် |
| ဥဘော | ထမင်းနှင့် သင်နှစ်မျိုးတို့သည် |
| ဘက္ခာ | ငါ့အစာတို့သည် |
| ဘဝိဿထ | ဖြစ်ရပေကုန်အံ့။ |

## စကားပြေ

ဟယ်—အမောင်လုလင် ငါ့အတွက် အမြဲတန်းပို့လွှတ်သော ထမင်းဝတ်ကို ပဒေါင်ပင် အောက်သို့ ယူ၍လာခဲ့

လော့။ ထမင်းရော အမောင်ပါ ငါ့အစာဖြစ်တော့အံ့ဟု မိမိပိုင်နက်အတွင်းသို့ ရောက်အောင် ခေါ်ဆောင်ခြင်း ဖြစ်သည်။

## "သုတနဲ့အပြော"

အပ္ပတေနတုဝံပက္ခ၊ တုလ္လမတ္တံဇဟိဿတိ
ဘိက္ခံတေ နာဿရိဿန္တိ၊ ဇနာ ဓရဏသည်ိနော။

## မြန်မာပြန်

| | |
|---|---|
| ယက္ခ | မာဃဒေဝဘီလူး |
| တုဝံ | သင်ဘီလူးသည် |
| အပ္ပတေန | အနည်းငယ်သော အကြောင်းဖြင့် |
| တုလ္လမတ္တံ | ကြီးစွာသော အကျိုးကို |
| ဇဟိဿတိ | စွန့်ပစ်ရလတ္တံ့။ |
| ဇနာ | လူအပေါင်းတို့သည် |
| မရဏသည်ိနော | သေရမည်ဟုအမှတ်ရှိကုန်သည်ဖြစ်၍။ |
| တေ | သင်ဘီလူးထံသို့ |
| ဘက္ခံ | ထမင်းကို |
| နံ့ဟရိဿန္တိ | မပို့ဆောင်ဘဲ နေကုန်အံ့။ |

## စကားပြေ

"ဟယ်....ဘီလူး၊ ယခုငါ့ကိုစားသော် ကြီးစွာသော အကျိုးယုတ်မှုဖြစ်မည်။ ပြည်သူလူထုအပေါင်းသည်သင်ထံ ထမင်းပို့ရသူ မုန်သမျှ သေရသည်ဟု မှတ်သား၍ ထမင်း

ပို့မည့်သူ မရှိဖြစ်ပေလိမ့်မည်။ ထို့ကြောင့် သင်သည် လူကို မစားရသည့်အပြင် ထမင်းအုပ်ပါ ဆုံးရှုံးမှုနှင့် ရင်ဆိုင် ရမည်ဟု ပြောဆိုခြင်း ဖြစ်ပေသည်။

ယခုအခါ ငါသည် သင်၏ပိုင်နက်မြေကို မနင်းမူ၍ ငါ၏ ခြေနင်းပေါ်၌သာနေ၏။ သင်၏အပင်ရိပ်တွင် မနေမူ၍ ငါ၏ထီးရိပ်အောက်တွင်နေ၏။ ထိုသို့ဖြစ်လျှက် ငါ့ကိုစားမည်ပြုပါက ငါ၏မဟာသန်လျက်ဖြင့် ခုတ်ပိုင်းရလိမ့်မည်။ စမ်းလိုက စမ်းလော့၊ ငါတို့၏ဘုရင်ကိုလည်း ယခုသင်၏ ပိုင်နက်တွင် မရှိသောကြောင့် အသင် ရန်မမူနိုင်ကြောင်း ငါသိပြီးဖြစ်သည်ဟု တင်းကြပ်စွာ ပြောဆိုသောအခါ ဘီလူးသည် သဘောက်ပေါက်၍ အသင် လူသားပြန်နိုင်ပြီ ထမင်းကိုသာ ငါ့အားပေးလော့ဟု ဆိုလေသည်။

ထို့နောက် 'သုတနု' သည် ကုန်ဆုံးခဲ့သော ဘဝများက ဒုစရိုက်မှုများကို ပြုခဲ့သောကြောင့် ယခုအခါ အစိမ်းစားဘီလူး ဖြစ်ကြောင်း ယခုဆက်လက်၍ အသက်သတ်မှုပြုနေပါက ရှေ့လာမည့် ဘဝများတွင် ပို၍ဆိုးဝါးမည်ဖြစ်ကြောင်း၊ ဘီလူးအား ဟောပြသောအခါ ဘီလူးသည် ပါဏာတိပါတာကံမှ ရှောင်ကြဉ်မည်ဟု ဝန်ခံလေသည်။ ထို့နောက် 'သုတနု'သည် ဤတောတွင်း၌ နေရသဖြင့်သင်ဘီလူးအား အကျိုးမရှိ ပါဏာတိပါတာကံကို ရှောင်ကြဉ်ပါက ငါတို့၏မြို့တံခါးတွင်နေရာပေးမည် လိုက်ခဲ့လော့' ဟုဆို၍ သံလျှက်ကို အကိုင်ခိုင်း, ထီးကို ဆောင်းပေးခိုင်းကာ ဗာရာဏသီမြို့သို့ ခေါ်ဆောင်ခဲ့လေသည်။

မြို့သို့ရောက်သောအခါ ဘုရင်နှင့် တိုင်းသူပြည်သားအားလုံးကို အကြောင်းကြား၍ ပြည်ပိုင်ဘုရင်၏ အမိန့်ဖြင့်မြို့တံခါးအထွက်

တွင် နေရာပေးကာ နေ့စဉ်ထမင်းတအုပ်ပေးပို့ကြလေသည် ထိုသို့ ဘီလူးနှင့် တိုင်းပြည်ရှိ လူသားအားလုံးချမ်းသား သုခရရှိအောင် မိမိ၏ အခိဌာန်အတိုင်း (စံပြလုပ်သား) အဖြစ် ထမ်းဆောင်ကျိုး ပန်းခဲ့သော(သုတန့်)အား စစ်သူကြီးရာထူးကို ဘုရင်မင်းကြီးပေး အပ်လိုက်လေသည်။

## ဇာတ်သိမ်း

ဤစံပြလုပ်သား တရားတော်၌ ပါဝင်သော ဇာတ်ကောင်များ ထုတ်ဖေါ်လိုက်သော်—

၁။ သုတနု မင်းသား — ဂေါတမအလောင်းတော်
၂။ ဗြဟ္မဒတ်မင်း — ရှင်အာနန္ဒာအလောင်း
၃။ မာဃဒေဝဘီလူး — ရှင်အင်္ဂုလိမာလအလောင်း

## သင်္ဂဟာကဗျာများ

၁။ သုတနုဟုခေါ်မှုနာမ
မိခင်လုပ်ကျွေး နှတ်နွေးဇာတာ
ဗြဟ္မဒတ်မင်း ခတ်သွင်းကျေငြာ
ဘီလူးသို့ဆောင်ပို့ ထမင်းပါ

၂။ သုတနုနား ကြားရပေတာ
အသပြာထောင်ထုပ် ချောင်ကုတ်ယူခါ
မိခင်လက်တွင်း ချက်ချင်းအပ်ရှာ
ညာဏ်ဖြင့်သွား ရောက်သွားသူ့နေရာ

၃။ ရောက်တုံပါလျှက် ပိုင်နက်မဝင်
ရှေ့နောက်ကျိုးကြောင်း ဆိုကောင်းပြလျှင်
ဘီလူးပြော့ပြောင်း စိတ်ကောင်းတွေ့ဝင်
အမှန်ပ စံပြလုပ်သွားပင်။

အဓိဋ္ဌာန် ပါရမီခန်း ပြီး၏။

## (၉) သူ့အချစ်

အလောင်းတော်များဘဝနဲ့ အစစတူယှဉ်ကာညီ
မြင်သမျှကိုချစ်ပါတဲ့ မေတ္တာကဲ့ပါရမီ
ဖြည့်စွမ်းကာ အားသစ်မှ ဘုရားအဖြစ်
ရောက်တော်မူလာသည်
သမ္ဗုဒ္ဓရှိန်တံခိုးမို့ ဦးနှိမ်ချိုးလို့ ရှိခိုးအဥ္စလိ
အဲဒါကြောင့် ဖန်ဖန်မသေ့
မှန်ကန်သော သစ္စာစကားကြောင့်ပေ
တို့သူငါသတ္တဝါများပေနေ
ကျမ္မာကြစေ ချမ်းသာကြစေ
အားလုံးဘဲ ရွှင်ပြုံးကြပါစေ။

ဤမေတ္တာ ပါရမီခန်း၌ 'မေ ္တာ'ဆိုသည်မှာ မိဒတိသိနေဟံ ကရောတိတိ မေတ္တာဟူသော ကတ္တုသစ်ဝိဂ္ဂိုဟ်အရ ချစ်ခင်တတ်သော စေတနာကို မေ ္တာဟုခေါ်ဆိုရ၏။ အတိုချုပ်အားဖြင့် သတ္တဝါတိုင်းအား ချစ်တာကို မေတ္တာဟုခေါ်သည်။ မည်သို့ချစ်ရမည်နည်းဆိုသော် ဟိတဇ္ဈာ သယဝသပဝတ္တော အဒေါသော ယေဝဟိမေတ္တာနာမ ဟူသော ဋီကာနှင့် အညီ သတ္တဝါတိုင်း

၏ မျက်မှောက်သံသရာ နှစ်ဖြာသော အကျိုးစီးပွားကို လိုလား သောအားဖြင့် ချစ်မြတ်နိုးမှုကို ဆိုလိုသည်။ တရားကိုယ်အားဖြင့် အမျက်မထွက် တတ်သော 'အဒေါသ' စေတသိက်ပင်တည်း။ ဤမေတ္တာကိုအယုတ်, အလတ်, အမြတ်မရွေး သတ္တဝါအားလုံး အပေါ်၌ တပြေးတည်းထားရှိနိုင်မှ မေတ္တာအစစ်ဖြစ်သည်ကို သတိ ပြုကြရပေလိမ့်မည်။

သို့သော် မေတ္တာပွားရာ၌ကား ရည်မှန်းချက် ရှိ,မရှိအားဖြင့် အနောဓိသ(၅)မျိုး။ ဩဓိသာ(၇)မျိုးအားဖြင့်(၁၂)မျိုးခွဲခြား ထားလေသည်။ ထို(၁၂)မျိုးကို အဝေရာဟောနှုစသော တု, လေးခုနှင့်မြှောက် (၄၈)ဖြစ်၏။ ထို(၄၈)ကိုအရပ်(၁၀)မျက်နှာ နှင့် မြှောက်၍ ပင်ကိုယ်(၄၈)နှင့် ပေါင်းသော် (၅၂၈)သွယ် သော မေတ္တာဖြစ်၏။

ဤမေတ္တာ ပါရမီနှင့် ပတ်သက်၍ တိ-နိပါတ်၌ ဟောကြား ခဲ့သော မဟာကပိ, ဇာတ်တော်ကို ထုတ်ဖော်၍ ကြည့်ရှုမှတ်သား အပ်၏။

ရှေးလွန်လေပြီးသော နှောင်းခေတ်အခါက ဗာရာဏသီပြည် အဝင်အပေါ် ကာသိရွာ၌ လယ်ထွန်ပုဏ္ဏားတယောက်ရှိလေသည်။ တနေ့သ၌ ထိုပုဏ္ဏားသည် မိမိလယ်ကိုထွန်ပြီးလျှင် နွားများကို လွှတ်ခါ ပေါက်တူးပေါက်၍ နေလေသည်။ ထို့နောက်အချိန်ကို မှတ်၍ နွားများကိုကြည့်သောအခါ နွားများကို မတွေ့ရတော့ဘဲ ပျောက်ဆုံးနေသောကြောင့် လိုက်လံရှာဖွေရာမှ ဟိမဝန္တာတော တွင်းသို့ ရောက်သွားလေသည်။

ထိုပုဏ္ဏားသည် ဟိမဝန္တာတောအတွင်း မျက်စိလည် လမ်း မှား၍ တောနက်တည်းသို့ ရောက်သွားလေသည်။ ၃ရက်ကြာသော

အခါ အစာငတ်လှသဖြင့် အသီးမှည့်တို့ဖြင့် ပေါများလှသော 'တည်ပင်' တပင်ပေါ်သို့တက်၍ အသီးကိုခူးစားသောက်ရာ မိမိနင်းသော သစ်ကိုင်များကျိုးကာ အတောင် (၆၀)နက်သော ချောက်အတွင်းသို့ ကျသွားလေသည်။

ထိုအခါ ဟိမဝန္တာတော အတွင်း၌ အမြဲတန်း သွားလာစားသောက် နေသော အင်အားကြီးမားလှသည့် မျောက်တကောင်သည် ချောက်အတွင်းမှအော်ဟစ်မည်တမ်းနေသောပုဏ္ဏားကိုတွေ့မြင်ရလေသည်။ မျောက်ကြီးသည်ဒုက္ခနှင့် ရင်ဆိုင်နေရသောပုဏ္ဏားကို ချစ်ခင်ကြင်နာလှသဖြင့် ကုန်းပေါ်သို့ ရောက်အောင် ကယ်တင်ရန် ကျောက်တုံးများကို အဆင့်ဆင့် လေ့ခါးသဖွယ် ပြုလုပ်ပြီးလျှင် ပုဏ္ဏားကို အတောင်ခြောက်ဆယ်ရှိသောချောက်အတွင်းမှ ကုန်းပေါ်သို့ထမ်းတင်လိုက်လေသည်။

ကုန်းပေါ်သို့ရောက်သောအခါ မျောက်ကြီးသည် မောပန်းလှသဖြင့် 'ကျွန်ုပ်အား ခေတ္တမျှစောင့်ရှောက်လော့'ဟုဆို၍ အိပ်လေသည်။ ပုဏ္ဏားသည် အိပ်ပျော်နေသော မျောက်၏ ဦးခေါင်းကို ကျောက်တုံးဖြင့် ပစ်ခတ်သဖြင့် သွေးများယိုစီးထွက်လာလေသည်။ ထိုအခါတွင် မျောက်ကြီးသည် အလန့်တကြားအိပ်ရာမှထ၍ သစ်ပင်ပေါ်သို့တက်ပြေးလေသည်။ သို့သော် မျောက်သည် မိမိအားနှိပ်စက်သော ရန်သူ ပုဏ္ဏား အပေါ်၌ ပင်ကိုယ် ထားရှိသော မေတ္တာကို မပျက်စေမူ၍ အသင်ပုဏ္ဏား-အသင်နှင့်အတူတကွသွားရသော်အကျွန်ုပ်အား အသက်၏အန္တရာယ်ဖြစ်တန်ရာ၏။ ထို့ကြောင့် အကျွန်ုပ်ညွှန်ပြသော လမ်းအတိုင်း လိုက်ခဲ့လော့ဟုဆို၍ သစ်ပင်တပင်မှတပင်သို့ကူးကာ လမ်းညွှန်ပြလေသည်။

လူတို့သွားရာလမ်းသို့ ရောက်သောအခါ ဤလမ်းအတိုင်းသွား လေ့ဟု ညွှန်၍ တောတွင်းသို့ပြန်ခဲ့လေသည်။

ထို့နောက် မကြာမီအတွင်း ကျေးဇူးရှင်ကို ပစ်မှားခဲ့သော ပုဏ္ဏားဏ်ခန္ဓာကိုယ်တွင် နူနာရောဂါစွဲ၍ ရောဂါပေါင်းစုံကြောင့် ဖြူဖတ်ဖြူရော်ဖြစ်ခါလူရုပ်လူကောင်မပီသောလူပြိတ္တာဘဝသို့ရောက် ခဲ့လေသည်။ ထိုလူပြိတ္တာသည် ခုနှစ်နှစ်ပတ်လုံး ခံစားရပြီးသော နေ့တနေ့၌ ဘုရင်၏ မိဂါဇိနိဥယျာဉ်တံတိုင်းအကြား၌ ငှက်ပျော ဖက်ကိုခင်း၍အိပ်နေလေသည်။

တနေ့သ၌ ပြည်ပိုင် ဘုရင်မင်းမြတ်သည် မိမိ၏ မိဂါဇိနိ ဥယျာဉ်တော်သို့ ထွက်တော်မူသောအခါ တံတိုင်း အကြားတွင် အိပ်လျက်နေသော လူပြိတ္တာကို တွေ့ရသဖြင့် သံဝေဂဖြစ်ခါ အောက်ပါအတိုင်းမေးလေသည်။

## ဘုရင့်အမေး

ကိံ ကမ္မ မကရံပုဗ္ဗေ၊ ကံအဝဏ္ဏံ အဃာတယိ
ကမ္မဝိသံယံ ကရိတွာန၊ ဣဓံဒုက္ခံ ဥပါစမိ

## ဖြန်မာပြန်

| | |
|---|---|
| ဘော | အိုလူပြိတ္တာ |
| တွံ | သင်လူပြိတ္တာသည် |
| ပုဗ္ဗေ | ရှေးအခါကာလ၌ |
| ကိံ ကမ္မံ | အဘယ်မည်သော မကောင်းမှုကို |

| | |
|---|---|
| အကရံ | ပြုခဲ့ဘူးသနည်း |
| ကံ | အဘယ်မည်သော |
| အဝဏ္ဏံ | မသတ်ထိုက်သောသူကို |
| အဃာတယိ | သတ်မိချေသနည်း |
| ယံ | အကြင်အမှုမျိုးသည် |
| ကိဗ္ဗိသံ | ကြမ်းကြုတ်လှစွာ၏ |
| တံ | ထိုကြမ်းကြုတ်သော အမှုကို |
| ကရိတွာန | ပြုမိသောကြောင့် |
| ဧဒိဒုက္ခံ | ဤဆင်းရဲသို့ |
| ဥပါဂမိ | ရောက်ရလေသနည်း |

## စကားပြေ

"အို–လူပြိတ္တာ.... အသင်းသည် ရှေးအချိန်က ဘယ်မကောင်းမှုမျိုးကို ပြုခဲ့ဘူးသည်။ မနှိပ်စက်မညှင်းဆဲသင့်သော အဘယ်သူကို သတ်ဖြတ်မိသနည်း။ ကြမ်းကြုတ်ခက်ထန် လူမဆန်သော ရက်စက်မှု တခုခုကို ပြုမိသောကြောင့် ဤမမြင်ဝန့်သော ဆင်းရဲဒုက္ခကို ခံစားနေရသနည်း"ဟု မေးလေသည်။

ထို့နောက် လူပြိတ္တာ ဖြစ်နေသော ပုဏ္ဏားသည် မိမိ၏ ဘဝဇာတ်ကြောင်းကိုရင်း၊ မိမိပြစ်မှားခဲ့သော အပြစ် အနာအဆာဟူသမျှကိုရင်း၊ ဗာရာဏသီမင်းအား အကြောင်းစုံ ပြောပြပြီးလျှင် ဘုရင်မင်းနှင့် မင်းပရိတ်သတ်အားလုံးတို့အား မိမိကိုယ်ကို သက်သေပြုလျှက် အောက်ပါအတိုင်း ဟောပြလေသည်။

# လူပြိတ္တာ အပြော

တံဝေါဝေဒါမိ ဘဒ္ဒန္တေ၊ ယာဝန္တေတ္ထ သမာဂတာ
မာသု မိတ္တာနံ ဒုဗ္ဘိတော၊ မိတ္တ ဒုဗ္ဘောဟိ ပါပကော။

## မြန်မာပြန်

| | |
|---|---|
| မဟာရာဇ | မြတ်သောမင်းကြီး |
| ဝေါ | အရှင်မင်းကြီးတို့အား |
| အဟံ | အကျွန်ုပ်သည် |
| ဝဒါမိ | တင်လျှောက်ပါ၏ |
| တေ | သင်မင်းကြီးအား |
| ဘဒ္ဒံ | ကောင်းခြင်းမင်္ဂလာသည် |
| အတ္ထု | ဖြစ်ပါစေသတည်း |
| ဧတ္ထ | ဤမိဂါဇိန ဥယျာဉ်သို့ |
| သမာဂတာ | အညီအညွတ်လာကုန်သော |
| ယာဝန္တော | အကြင်မျှလောက် ကုန်သော သူတို့သည် |
| မိတ္တာနံ | အဆွေခင်ပွန်းတို့ကို |
| ဒုဗ္ဘိတော | ကျွန်ုပ်ကဲ့သို့ ပြစ်မှားခြင်းသည် |
| မာအသု | မဖြစ်စေကုန်သင့် |
| ဟိ သစ္စံ | ထိုစကားသည် မှန်လှပေ၏။ |
| မိတ္တဒုဗ္ဘော | အဆွေခင်ပွန်းကို ဖျက်ဆီးသူသည် |
| ပါပကော | အလူယုတ်မာလှပေ၏။ |

## စကားပြေ

မြတ်သော မင်းကြီးနှင့်တကွ အပေါင်းပါအားလုံးတို့သည် ကောင်းခြင်း မင်္ဂလာဖြစ်ကြပါစေ....အသင်တို့သည် ကျွန်ုပ်ကို ကြည့်ကြကုန်လော့။ အကူညီပေးလျှက်ရှိသော မိတ်ဆွေ အစစ်ကို ကျွန်ုပ်ကဲ့သို့ မပြစ်မှားကြ ကုန်လင့်။ ပြစ်မှားမိသော် ကျွန်ုပ်ကဲ့သို့ လူယုတ်မာ ဖြစ်ကြကုန်အံ့ဟု ဆိုလေသည်။

## ဇာတ်သိမ်း

ဤသူ့အချစ် တရားတော်၌ ပါဝင်သူများကား

| | | |
|---|---|---|
| ၁။ | မျောက်မင်း | ဂေါတမအလောင်းတော် |
| ၂။ | လယ်ထွန်ပုဏ္ဏား | ဒေဝဒတ်အလောင်း |
| ၃။ | ဗာရာဏသီမင်း | ရှင်အနန္ဒာ အလောင်းတို့ဖြစ်ကြသည်။ |

## သင်္ဂဟကဗျာများ

၁။ ကာသိရွာသား ပုဏ္ဏားသေချာ
နွားပျောက်ရှာခြင်း ဟိမဝါ
တည်ပင်ထက်သို့ ထက်လို့စားရာ
ချောက်အဆိုး စောက်ထိုးကျရရှာ။

၂။ အလောင်းတော် မျောက်မင်း ရောက်ခြင်းမေတ္တာ
ချောက်တွင်းပုဏ္ဏား ထင်ရှားကယ်ခါ
မောပန်းလေညား နီးနားအိပ်ရှာ
ပုဏ္ဏားမိုက် ထုရိုက်သွေးယိုဖြာ။

၃။ မေတ္တာမပျက် ဆက်လက်ထင်ပေါ်
သစ်ပင်ခုန်ကူး အထူးညွန်းဖော်
လူသွားရာလမ်း စခန်းရောက်သော်
သူ့အချစ်ခေါ်လစ် တရားတော်

မေတ္တာ ပါရမီခန်းပြီး၏။

# (၁၀) ဥပေက္ခာ (ကြံ့ခိုင်ရေး)

အလောင်းတော်များဘဝနဲ့ အစစတူယှဉ်ကာညီ
မလှုပ်တမ်းရှုဖြစ်ပါတဲ့ ဥပေက္ခာပါရမီ
ဖြည့်စွမ်းကာ အားသစ်မှ ဘုရားအဖြစ် ရောက်တော်မူလာသည်
သဗ္ဗညုရှိန်တံခိုးမို့ ဦးနှိမ်ချိုးလို့ ရှိခိုးအဉ္ဇလီ။ ။

အဲဒါကြောင့်ဖန်ဖန်မသွေ
မှန်ကန်သောသစ္စာစကားကြောင့်ပေ
တို့သူငါသတ္တဝါများဝေနေ
ကျန်းမာကြစေ ချမ်းသာကြစေ
အားလုံးဘဲရွှင်ပြုံးကြပါစေ။ ။

ဤဥပေက္ခာ ပါရမီခန်း၌ ဥပေက္ခာဆိုသည်မှာ ဥပပတ္တိတော ယုတ္တိတော ဣက္ခတီတိ 'ဥပေက္ခာ ဟူသော ဝိဂ္ဂြိုဟ်အရ အသင့်အားဖြင့် ရှုဆင်နိုင်ခြင်းကို ဥပေက္ခာဟုခေါ်သည်။ အမ်ပွါယ်ကား ဆင်းရဲဒုက္ခနှင့် ရင်ဆိုင်နေရသော ဒုက္ခိတသတ္တဝါကိုမြင်ရတွေ့ရသောအခါ သနားခြင်း, ကူညီခြင်းမပြု ဝမ်းမြောက်ခြင်း,

ဖျက်ဆီးခြင်းမပြုမှု၍ (ကမ္မဿကာ)သူပြုခဲ့သော သူ့ကံအားလျော်စွာ ဖြစ်သည်ဟု တည်ငြိမ်စွာရှုရမည်။ ထို့အတူချမ်းသာစွာခံစားစံစားနေရသော သုစိတ သတ္တဝါကို မြင်ရတွေ့ရ သောအခါ ဝမ်းမြောက်ခြင်း, အားပေးခြင်းမပြု ညူစူခြင်း, ဖျက်ဆီးခြင်းမပြုမှု၍ (ကမ္မဿကာ) သူ့ကံနှင့်သူဖြစ်သည်ဟု မလှုပ်မယှက်တွက်ဆဆင်ခြင်ရမည်။

ထို့ပြင် သူတပါးအတွက်ဝမ်းနည်းဝမ်းသာမဖြစ်စေဘဲ နေနိုင်သကဲ့သို့ မိမိအား ဆင်းရဲမှု၊ချမ်းသာမှု၊ ဆုတ်ယုတ်မှု၊ တိုးတက်မှုများဖြစ်ပေါ်လာသောအခါ၌လည်း ဝမ်းနည်းဝမ်းသာ မဖြစ်စေမှုဘဲ ငါပြုခဲ့သော ငါ့ကံအားလျော်စွာ ဖြစ်ရသည်ဟု တည်ငြိမ်စွာရှုဆင်ခြင်နိုင်မည်ဟူလို

ဤဥက္ကောဌ၌လည်း ဩဒိဿ အနောဒိသ(၁၂)မျိုးကို အရပ်ဆယ်မျက်နှာနှင့်မြှောက်(၁၂၀)ဖြစ်၏။ ထိုတွင်ပင် ကိုယ်(၁၂) ပါးနှင့်ပေါင်းသော် ဥက္ကာပေါင်း(၁၃၂)ပါးဖြစ်၏။

ဤဆိုခဲ့ပြီးသော မလှုပ်ရှားမှုကြံ့ခိုင်ရေးစိတ်ဓာတ်ဖြင့် နိဗ္ဗာန်ဟူသောကမ်းတဘက်သို့ လှမ်းတက်နိုင်ခြင်းကို ဥက္ကောပါရမီဟုခေါ်ဆိုပါသတည်း။

ဤဥက္ကောပါရမီနှင့် ပတ်သက်၍ ဇနကနိပါတ်၌ ဗုဒ္ဓအရှင်ဟောကြားခဲ့သော 'ဉရရ'ဇာတ်တော်ကို ထုတ်ဖော်ကြည့်ရှုရန်သင့်လျော်လှပေသည်။

ရှေးလွန်လေပြီးသော နှောင်းခေတ်အခါက ဂေါတမ ဘုရားအဥလာင်းတော်သည် ဗာရာဏသီ မြို့တော်၏ တံခါးရွာတွင်

ပုဏ္ဏားမျိုး၌ဖြစ်ခဲ့၏။ ထိုပုဏ္ဏား၌ သားတယောက်၊ သမီးတယောက် ချွေးမတယောက်အားဖြင့် လူငါးယောက်ရှိသော အိမ်ထောင်စု ဖြစ်လေသည်။ တနေ့သောအခါ ပုဏ္ဏားသည် မိမိသားနှင့်အတူ လယ်ထွန်ရန်အတွက် မိမိတို့၏ လယ်ကွက်ရှိရာသို့ ထွက်လာခဲ့ကြ ပြီးလျှင် ဘခင်ကလယ်ထွန်၍ သားက အမှိုက်များကို စုပုံမီးရှို့ လေသည်။ ထိုသို့မီးရှို့သောအခါ အမှိုက်ပုံအတွင်း၌အောင်းနေ သော မြွေဆိုးတကောင်သည် မီးခိုးသဖြင့် အမျက်ထွက်ခါ မီးရှို့ သူအား ကိုက်ခဲလိုက်ရာ ထိုနေရာ၌ပင် နောက်ပြန်ကျ၍ အသက် ကုန်ဆုံးသွားလေသည်။ ထို့နောက် ဖခင်ပုဏ္ဏားသိ၍ ဝမ်းနည်း ခြင်းမပြုမူ၍ သူ၏ကံသာလျှင်စီမံ၏ဟု ဥပက္ခာပြုလျက် ရွာတွင်းသို့ ဝင်မည့်လူကြုံတို့ 'ယနေ့ ထမင်းပို့လာသောအခါ တဦးယောက် အတွက်သာယူခဲ့လော့'ဟု မိမိမယားထံ တဆင့် မှာကြားလိုက် လေသည်။

မယားဖြစ်သူသည် ထိုစကားကိုကြားရသောအခါ အကြောင်း ချင်းရာကိုရိပ်စားမိ၍ တယောက်တွက် ထမင်းကို ထည့်ပြီးလျှင် ပန်းနံ့သာလက်စွဲလျက် သမီးချွေးမနှင့်အတူ လယ်ထွန်ရာသို့လိုက် လာခဲ့ကြလေသည်။ မိမိ၏လယ်ကွက်သို့ ရောက်သောအခါ ပုဏ္ဏား ၏ပြောဆို ဆုံးမခြင်းကို အားလုံး လိုက်နာ၍ တစုံတယောက်မျှ ငိုကြွေးပူဆွေးခြင်းမဖြစ်စေမူ၍ သေဆုံးသူသား၏ အလောင်းကို မီးသင်္ဂြိုဟ်ကြလေတော့သည်။

ထိုအခါ သိကြားမင်းသည် ထိုသူတို့၏ စိတ်ဓာတ်ကြံ့ခိုင်မှုကို စူးစမ်းလို၍ ထိုသူတို့ သင်္ဂြိုဟ်ရာသို့ လာပြီးလျှင် အသင်တို့သည် သမင်ကိုသတ်၍ မီးဖုတ်ကြသလောဟု မေးမြန်းရာ သေဆုံးသူကို မီးသင်္ဂြိုဟ်ကြောင်း ပြန်ကြား ပြောဆိုကြ လေသည်။ ထိုနောက်

သိကြားမင်းသည် ထိုသို့ဖြစ်လျှင် တုန်လှုပ်ခြောက်ချားမှု မရှိဘဲ အဘယ့်ကြောင့် အေးဆေး တည်ငြိမ်စွာ နေကြ သနည်းဟု မေးမြန်းသောအခါ ဖခင်ဖြစ်သူ ပုဏ္ဏားက အောက်ပါ အတိုင်း ပြောဆိုလေသည်။

## ပုဏ္ဏားအဖြေ

ဥရဂေါဝ တစံဇိဏ္ဏံ၊ ဟိတွာ ဂစ္ဆတိ သန္တနုံ
ဧဝံသရီရေ နိဗ္ဘောဂေ၊ ပေတေ ကာလင်္ကတေသတိ။
ဍယှမာနော နဇာ နာတိ။ ဉာတီနံ ပရိဒေဝိတံ။
တသ္မာဧတံ နသောစာမိ၊ ဂတော သောတဿာယာဂတိ။

## မြန်မာပြန်

| | |
|---|---|
| ဥရဂေါ | မြွေသည် |
| တစံဇိဏ္ဏံ | အရေဟောင်းကို |
| ဟိတွာ | စွန့်ပစ်ခဲ့၍ |
| ဂစ္ဆတိ ဣဝ | သွားလေဘိသကဲ့သို့ |
| မမပုတ္တော | ငါ၏သားသည် |
| သန္တနုံ | မိမိခန္ဓာကို |
| ဟိတွာ | စွန့်ပစ်ခဲ့၍ |
| ဂစ္ဆတိ | သွား၏ |
| ဧဝံ | ဆိုခဲ့သည့်အတိုင်း |
| သရီရေ | လက်ရှိကိုယ်သည် |
| နိဗ္ဘောဂေ | ခံစားမှုမရှိတော့သည် |
| ပေတေ | တမလွန်ဘဝသို့ ပြောင်းကူးသည့် |

ကာလကတော — သေဆုံးမှုဖြစ်သည်
သတိ — ရှိသော်

ဥယှမာနော — မီးသင်္ဂြိုဟ်အပ်သောသားသည်
ဉာတီနံ — အဆွေမျိုးတို့၏
ပရိဒေဝိတံ — ငိုကြွေးပူဆွေးခြင်းကို
နဇ္ဇာနာတိ — မသိတော့ပေ

တဿယာဂတိ — ထိုသား၏အကြင်သွားရာဘဝသည် ရှိ၏

တံ — ထိုကံအားလျော်စွာ သွားရ လိမ့်မည် ဘုံဘဝသို့

သော — ထိုသေဆုံးသူသားသည်
ဂတော — ဖြောင့်ဖြောင့်သွား၏
တသ္မာ — ထိုသို့ဖြစ်လေသောကြောင့်
ဧတံ — ထိုသားသေဆုံးခြင်းကို
နသောစာမိ — ငါမစိုးရိမ်

## စကားပြေ

“အိုအရှင်· မြွေသတ္တဝါများသည်လက်ရှိအရေဟောင်းကို စွန့်၍ အရေသစ်ဖြင့်သွားနေဘိသကဲ့သို့ ထို့အတူအကျွန်ုပ် သားသည် ခန္ဓာအသစ်အဟောင်း ပြောင်းလဲခြင်းဟူသော သေလွန်ခြင်းဖြစ်ခဲ့ပါသော် မီးသင်္ဂြိုဟ်ခံသားသည်မိဘသား ချင်းတို့ငိုကြွေးနေသည်ကိုလုံးဝမသိပါ။ သူ့ကံအားလျော်

စွာသွားခြင်းသာ ဖြစ်သည်။ ထို့ကြောင့် စိုးရိမ်မှုမျိုး လုံးဝမရှိကြပါ''ဟုဖြေကြားခြင်းဖြစ်သည်။

ထို့နောက် သိကြားမင်းသည် အားလုံးသော ပုဏ္ဏား အိမ်ထောင်စု အပေါ် ကြည်ညိုစိတ် များဖြစ်ခါ အသင်တို့သည် ယနေ့မှစ၍ လယ်လုပ်ခြင်း မပြုဘဲ ချမ်းသာစေအံ့ဟုဆို၍ ကွယ်ပျောက်သွားပြီးလျှင် ပုဏ္ဏားအိမ်၌ ရတနာတို့ဖြင့် ပြည့်စေလေသည်။

မိမိအိမ်သို့ပြန်ရောက်ကြ၍ ရွှေ၊ ငွေ၊ ရတနာများကို တွေ့ရသော်လည်း ဝမ်းမြောက်လှုခြင်း၊ ဘဝင်မြင့်ခြင်း၊ခြေဖျားထောက်ခြင်းစသည်တို့ကို မဖြစ်စေမူ၍ ကံအားလျော်စွာ ဖြစ်သည်ဟုသာ ဥပေက္ခာစိတ်ဖြင့် (ကြံ့ခိုင်ရေးစိတ်ဓာတ်ဖြင့်)ဒါနစသောအမှုများကိုပြု၍ ကောင်းရာသုကတိသို့ လားကြစေသတည်း။

## ဇာတ်သိမ်း

ဤကြံ့ခိုင်ရေးအမည်ရှိ တရားတော်၌ ပါဝင်လျှက်ရှိသော ဇာတ်ကောင်များ။

| | |
|---|---|
| ၁။ ပုဏ္ဏား | ဂေါတမ ဘုရားအလောင်းတော် |
| ၂။ ပုဏ္ဏေးမ | ခေမာထေရီမအလောင်း |
| ၃။ သား | အရှင်ရာဟုလာအလောင်း |
| ၄။ သမီး | ဥပ္ပလဝဏ်အလောင်း |

## သင်္ဂဟကဗျာများ

၁။ မာရာဏကတိုင်း ငယ်ပိုင်းရွာငယ်
လယ်ထွန်လုပ်စား ပုဏ္ဏားအိမ်ဝယ်
အဘနှင့်သား ထွက်သွားကိုယ့်လယ်
အမှိုက်ရှင်း မီးသင်းရှို့ကြတယ်။

၂။ အမှိုက်ပုံတွင်း သက်ဆင်းသည့်မြွေ
သားကိုနောက်မှ ပေါက်ချလို့သေ
အိမ်သားစုဝေး ပူဆွေးမနေ
သင်္ချိုဟ်ခြင်း လိုရင်းပြုကြပေ။

၃ ဘိုးတော်သိကြား ထင်ရှားလာခါ
ကြည်ညိုလေးစား ပေးညာရတနာ
မလှုပ်မရှား အကြွားမပါ
ကြံ့ခိုင်ရေး မျှော်တွေးမည်သညာ။
ဥပေက္ခာ ပါရမီခဏ်းပြီး၏။

# (ဃ) ခမ္မလက်ဆောင်

သိဝံပဋ္ဌေ ဘိက္ခဝေ၊ သိဝံပဋ္ဌေတွာန
ဒါနာဒိ ပုညာနိကရောထ။

"ချစ်သား ချစ်သမီးအပေါင်းတို့သင်တို့သည် ဘေးကင်းသော နိဗ္ဗာန်ကို တောင့်တ ကြကုန်လော့၊ ထိုအေးမြချမ်းသာ ခေမာ သြောင်ကမ်း နိဗ္ဗာန်နန်းကို တောင့်တမျှော်မှန်း၍ ဒါနအစရှိသော

ပုညကြိယာဝတ္ထု(၁၀)မျိုးတို့ကို (သို့မဟုတ်) ဒါနအစရှိသော ပါရမီကုသိုလ်တို့ကို ကြိုးစားမယုတ် အားထုတ်ကြကုန်လော့”

ဤသို့လျှင် ဗုဒ္ဓအရှင်သည် ကြက်ပျံမကျ စည်ကားလှသော ဝေနေယျ အဖြာဖြာတို့အား လက်ရှိခံစားနေရသော သံသရာဝဋ်မှ ကျွတ်လွတ်ထွက်မြောက် ထုတ်ခြင်းပေါက်၍ ကမ်းတဘက်ရောက် ကူးမြောက် နိုင်စိမ့်သောငှာ ညွှန်ကြားပြသ ဆုံးမတိုက်တွန်းခဲ့ သတည်း။

ထိုသို့တိုက်တွန်းညွှန်ပြရာ၌—

လောကီ ပမာအားဖြင့် မိခင် ဖခင်တို့သည်မိမိတို့၏ မစားတတ်, မသောက်တတ်, မဝတ်တတ်, မဆင်တတ်, မပြောတတ်, မဆိုတတ်, မနေတတ်, မထိုင်တတ်သေးသော သားငယ် သမီးငယ်တို့အားမိမိတို့ ကိုယ်တိုင် စနစ်ကျကျ စားသောက်ပြ, ဝတ်ဆင်ပြ, ပြောဆိုပြ, နေထိုင်ပြ၍ သွန်သင်ဆုံးမ၍ပြသ သကဲ့သို့ ထိုနည်းမခြား အလားတူစွာ လောကထိပ်တင် မိခင်သဖွယ်ကြီးကျယ်သော မဟာဂရုဏာရှင် ဘုရားသခင်သည် လောကတလွှား သုံးဘုံသားတို့ ဝတ်စားဆင်ရင် တွင်တွင်ကြီး ပြောဆိုနေထိုင်ကြသောအခါ အပါယ်တံခါး ပိတ်၍ အအေးရိပ်ကိုခိုလှုံမိစေခြင်းငှါ လွတ်မြောက်ရေးလမ်းစဉ်ကို ‘မကျွမ်းကျင်ကြသေးသော နတ်လူအများ ချစ်သား ချစ်သမီးတို့အား ကိုယ်တော်တိုင်‘လှူဒါန်း’ ထိန်းသိမ်း၊ ဆင်ခြင်ပွားများ၊ ကျိုးစားရှက်ဆောင် အစရှိသော အမှုအမျိုးမျိုးကို ပြုလုပ်ပြ၍ ယခုကဲ့သို့ သွန်သင်ပြသ တိုက်တွန်းခဲ့ခြင်း ဖြစ်လေသည်။

တနည်းအားဖြင့် ဆေးအတတ်ပညာ၌တတ်ကျွမ်းလိမ်မာသော သမားတော်’ဆရာဝန်,တို့သည် ရောဂါအမျိုးမျိုးတို့နှင့် ရင်ဆိုင်

တွေ့၍ ကိုယ်စိတ်နှစ်ဖြာ ပင်ပန်းဆင်းရဲစွာ ခံစားနေရသော ရောဂါရှင်တို့အား ဆေးမှီဝဲလိုစိတ်ဖြစ်ပေါ်အောင် မိမိဆေးကို သောက်ပြကာ သင့်တော်သော ဆေးပစ္စည်းများကို ပေးပြီးလျှင် အစာစားမှု, နေထိုင်မှု, ရှောင်ကြဉ်မှု ပြင်ဆင်မှုစသည်တို့ကိုညွှန်ကြားကြသကဲ့သို့ ထို့အတူ 'မမ္မောသထ'ဟူသော တရားဆေး၌ ကျွမ်းကျင်တတ်မြောက် ခဲ့သော 'တရားသမားတော်, တရားဆရာဝန်, ဘုရားအမှန်သည် ကိလေသာဟူသော အတွင်းရောဂါ စွဲကပ်၍ အမြဲမပြတ် ဒုက္ခဇာတ်ခင်းနေကြရသည် သံသရာရောဂါရှင် ပုထုစဉ်သေက္ခဟူသမျှတို့အား မိမိ၏ဒါနပါရမီအစရှိသော ဆယ်လီပင်တိုင် အခိုင်ခိုင်ဆေးတို့ကို ကိုယ်တော်တိုင် ဖြည့်စည်းသောက်သုံး၍ ပြပြီးလျှင် ငါကဲ့သို့ပင် လှူဒါန်းခြင်းစသော ဒါနပါရမီ အမျိုးမျိုးတို့ကို ကျိုးစားမယုတ် အားထုတ်မှီဝဲကြလော့ဟု ညွှန်ကြားတော်မူခြင်း ဖြစ်လေသည်။

ငါဘုရားသည်ပင်လျှင် အကျယ်ပြဆိုပြီးသည့် အတိုင်း ဒါနစသော ပါရမီ အဆင့်ဆင့်တို့ကို အတင့်ရဲရဲမှီဝဲသုံးဆောင်ခဲ့သဖြင့် ကိလေသာ ရောဂါပျောက်၍ သဗ္ဗညူအဖြစ်သို့ ရောက်ပြီးလျှင် အရဟံအစ ဂုဏ်ပေါင်းစသည့် လောကထွန်းထား မြတ်ဘုရားဟု ထင်ရှားခဲ့ရသည် ထို့အတူ ငါဘုရားကဲ့သို့ ဒါန အစရှိသော ကောင်းမှုမျိုးကို ပါရမီအဖြစ်သို့ ရောက်အောင် သုံးဆောင်မှီဝဲ အားခဲကြသော သူတို့သည် ငါကဲ့သို့ပင် ဘုရားအရှင်ဖြစ်နိုင်ကြကုန်သည်။ သို့မဟုတ် ကိလေသာ ရောဂါကင်း၍ အလင်းသို့ရောက်တော်မူကြသော ဘုရားငယ် (ပစ္စေကဗုဒ္ဓါ)လက်ဝဲရံ, လက်ျာရံ (အဂ္ဂသာဝက)။ပညာရည်ချွန်ဆုရ(မဟာသာဝက) ဂုဏ်ထူးမပါ ရဟန္တာရိုးရိုး (ပကတိသာဝက) အဖြစ် အမျိုးမျိုးတို့ကိုလည်း

ရည်မှန်းချက်အားလျော်စွာရနိုင်ကြသည်ဟုပါရမီ အကျိုးသွားကို ညွှန်ကြားပြသလျက်တိုက်တွန်းတော်မူခဲ့ခြင်းလည်းဖြစ်ပေသည်။

ပါရမီအဖြစ်သို့ မရောက်မူ၍ သာမညအားဖြင့် ပြုစုကြရသော ကာမာဝစရ ကုသိုလ်ရိုးရိုးသည်ပင်လျှင် များစွာသော အကျိုး ထူးအသီးသီးကို ပေးစွမ်းနိုင်သည်၊ 'ဒါန' ဟူသော လှူဒါန်းမှု ကြောင့်—

၁။ ဗဟုဇနဿပိယောဟောတိ — များစွာသောသတ္တဝါ အပေါင်းတို့ ချစ်မြတ်နိုးခြင်း။

၂။ သန္တောသပ္ပုရိသာဘဇန္တိ — သူတော်ကောင်းတို့ ကပ်ရောက်ခြင်း၊ ဆီး ကပ်ခြင်း။

၃။ ကလျာဏော ကတ္တိသဒ္ဒေါအဗ္ဘုဂ္ဂစ္ဆတိ ကောင်းသောကျော် စောသံပြန့်နှံ့ခြင်း။

၄။ ဂိဟိဓမ္မာ မနုပဂတောဟောတိ — လူတို့၏ ကျင့်စဉ်အမှန် သို့ ကပ်ရောက်ခြင်း

၅။ ကာယဿဘေဒါပရံမရဏာ သုဂတိသဂ္ဂံ လောကံ။ ဥပပဇ္ဇတိ — သေဆုံးပြီးနောက်နတ် ပြည်လောကသို့ ကပ် ရောက်ရခြင်း။

ဤငါးပါးသော လောကီအကျိုးတို့ကို ထင်ရှားစွာ ရရှိနိုင်သည့်ပြင် ဝိဉ္ဉာဏ်ဆိတ မှန်ကန်ချောင် လောကုတ္တရာ အကျိုးဖြစ်သော နိဗ္ဗာန်ကိုလည်း မျှော်မှော်ပြုနိုင်သည်။ သို့ဖြစ်၍ ဒါန လုပ်ငန်းကို ဖြောင့်တန်းစွာ အားထုတ်ကြလော့ဟု တိုက်တွန်းတော်မူခဲ့ခြင်းဖြစ်သည်။

သီလစောင့်ထိန်းသောသူသည်—

| | |
|---|---|
| ၁။ မဟာဘောဂေါ ဟောတိ | စည်းစိမ်ဥစ္စာ ပေါများခြင်း။ |
| ၂။ ကလျာဏောကိတ္တိသဒ္ဒေါအဗ္ဘုဂ္ဂတော | ကောင်းသောကျော်ဇောပျံ့နှံ့ခြင်း။ |
| ၃။ ပရိသမဇ္ဈေအမင်္ကုဟောတိ | ပရိသတ် လေးပါး အလယ်၌ရှင်ပြုံးသော မျက်နှာရှိခြင်း။ |
| ၄။ အသံမုဠှောကာလံကရောတိ | မတွေဝေဘဲသေရခြင်း |
| ၅။ သုဂတိသဂ္ဂံ လောကံ ဥပပဇ္ဇတိ | ခန္ဓာ ပျက်ပြုန်း သေဆုံးပြီးနောက် နတ်ပြည်သို့ရောက်ခြင်း။ |

ဤငါးသော လောကီအကျိုးတို့ကို ရရှိနိုင်သည့်ပြင် နိဗ္ဗာန်ကိုလည်း အာရုံမျှော်မှော်ပြုနိုင်သည်။ သို့ဖြစ်၍ သီလမျိုးစုံကို ကောင်းမွန်စွာ ထိန်းသိမ်းကြလော့ဟု တိုက်တွန်းတော်မူခဲ့ခြင်း ဖြစ်သည်။ ။

သီးခံမှုအပြည့်အဝထားရှိနိုင်သောသူသည်—

| | | |
|---|---|---|
| ၁။ | ဗဟုဇနသဿပိယော | လူအပေါင်းတို့ချစ်ခင်ခြင်း။ |
| ၂။ | အလုဒ္ဒေါစဟောတိ | ဘေးရန်မရှိခြင်း။ |
| ၃။ | အဝိပ္ပဋိသာရီစ | စိတ်နှလုံး သာယာမှုရရှိခြင်း။ |
| ၄။ | အသံမုဠှော ကာလံကရောတိ | မတွေမဝေ သေရခြင်း။ |
| ၅။ | ကာယဿဘေဒါ ပရံမရဏာသုဂတိ သဂ္ဂံလောကံ ဥပပဇ္ဇတိ | ခန္ဓာပျက်ပြုန်းသေဆုံး ပြီး နောက်နတ်ပြည် လောကသို့ရောက်ခြင်း။ |

ဤငါးပါးသော လောကီအကျိုးအပြင် နိဗ္ဗာန် တိုင်အောင်အကျိုးပေးနိုင်သည်။ သို့ဖြစ်၍ သီးခံကြကုန်လော့ဟု တိုက်တွန်းတော်မူခြင်းဖြစ်လေသည်။

သတ္တဝါများအပေါ်၌ ညီမျှသော မေတ္တာထား၍ ပွားများသောသူသည်—

သုသုတ္တံမုဒ္ဓသုပိနာ၊ ဒွေပါယာနေတ္တိနတ္တမော

သမာဓိသမုခါမုဋ္ဌာ၊ဗြဟ္မကျောကာဒသဂ္ဂုဏာ

၁။ ကောင်းစွာအိပ်ပျော်ရခြင်း။

၂။ ကောင်းစွာနိုးကြားရခြင်း။

၃။ ကောင်းသောအိပ်မက်ကိုမြင်မက်ရခြင်း။

၄။ လူအပေါင်းချစ်မြတ်နိုးခြင်း။

၅။ နတ်အပေါင်းချစ်မြတ်နိုးခြင်း။

၆။ အသက်အိုးအိမ်စည်းစိမ် လုံခြုံမှုရှိရခြင်း။

၇။ အသက်အိုးအိမ်စည်းစိမ်ကို မီးမလောင်နိုင်ခြင်း။

၈။ ဥပစာရ, အပ္ပနာ, သမာဓိနှစ်ပါးကိုရနိုင်ခြင်း။

၉။ ရွှင်ပြသော မျက်နှာရှိခြင်း။

၁၀။ တွေဝေထိုင်းမှိုင်းမှုမရှိခြင်း။

၁၁။ မြဟ္မာဘုံသို့ ရောက်နိုင်ခြင်း။
ဤဆဲ့တပါးသော အကျိုးတို့ကို မေတ္တာထားသူတိုင်း ကေန္တအားဖြင့် ရရှိနိုင်ကြသည်။ သို့ဖြစ်၍ မေတ္တာတရားကို ပွားများကြကုန်လောဟု တိုက်တွန်းတော် မူခဲ့ခြင်း ဖြစ်သည်။

## ဒါန အကျိုးပြဆောင်ပုဒ်

လူသူအများ ချစ်ငြားတထွေ၊ ကပ်လေသူကောင်း
ငြိမ့်ညောင်းသံသာ ပြန့်နှံ့ရာတည်း, လူမှာကျင့်ထုံး

ဆုံးရှုံးမရှိ ကပ်လေဘိ၍, သေသည့်နောက်ခါ
နတ်ရွာနိဗ္ဗာန်, အမှန်ခံစား ဤငါးပါးကား
ထင်ရှားဒါနအကျိုးတည်း။

## "သီလအကျိုးပြဆောင်ပုဒ်"

ပစ္စည်းပေါများ, ကျော်ကြားနှံ့စပ်, ပရိသတ်အလယ်
သြိုးငယ်မရှိ ပကတိရွှင်ပြ, လှပမသွေ
မတွေ့မဝေ သေရလေ၏။ သေသည့်နောက်ခါ
နတ်ရွာနိဗ္ဗာန်, အမှန်ခံစား ဤငါးပါးကား
ထင်ရှားသီလ အကျိုးတည်း

## ခန္တီအကျိုးပြဆောင်ပုဒ်

လူများအပေါင်း ကောင်းကောင်းချစ်ခင်,
ကင်းစင်ဘေးရန်, အမှန်စိတ်တွင် သာယာရွှင်ဘိ,
မရှိတွေဝေ သေရလေ၏။ သေသည့်နောက်ခါ
နတ်ရွာနိဗ္ဗာန်, အမှန်ခံစား ဤငါးပါးကား
ထင်ရှားခန္တီအကျိုးတည်း။

## မေတ္တာအကျိုးပြဆောင်ပုဒ်

ကောင်းစွာအိပ်, နိုး, ကောင်းမျိုးအိမ်မက်,
နှစ်သက်နတ်လူ, ရန်သူလုံခြုံ တဲအုံဆောင်ယောင်

မီးမလောင်ငြား, နှစ်ပါးသမာဓိ ရဘိသချော,

မျက်နှာရွှင်ပြုံး, လုံးလုံးတွေဝေ မရှိစေရ,

မြဟ္ဗာ့ပြည်ဖြစ်, ဤဆဲ့တစ်ကား

ထင်ရှားမေတ္တာ အကျိုးတည်း။

ဤသို့အားဖြင့် ဗုဒ္ဓအရှင်သည် ဇာတ်တော်များကိုစုပေါင်း၍ အကြောင်းပြုတော်မူခြင်းသည် မိမိ၏ကြည်ညိုဘွယ်ရာ ဂုဏ်တော် မဟာတို့နှင့် ပြည့်စုံသော သမ္ဗုဒ္ဓအဖြစ်သို့ ရောက်အောင်ခက်ခဲ စွာ ကျိုးပန်းခဲ့ရကြောင်း ပြတော်မူခြင်းဖြစ်သည်။

ဗုဒ္ဓဘာသာဝင် အားလုံးတို့အနေဖြင့် ဘုရားရှင်သည် လူမျိုး အဖုံဖုံ သတ္တဝါအစုံစုံတို့နှင့် ကိုက်ညီအောင် အလီလီစသော တရား တော်ကို ဟောတော်မူနိုင်ခြင်း၊ ရေမီးအစုံ တံခိုးဟုန်တို့ကိုပြတော် မူနိုင်ခြင်း၊ပတ်ဝန်းကျင်မှ ပြုလာသော ရန်ဟူသမျှတို့ကို ကြံ့ကြံ့ ခိုင်နိုင်ခြင်းစသော အတုမရှိ ဘည့်တည့်မတ် ဂုဏ်သကတ်သည် ပါရမီတော်ကို မနေမနား အားထား ဖြည့်စည်းတော် မူခဲ့သော ကြောင့်သာဖြစ်သည်ဟု ဘုရားရှင်အပေါ်၌ ယုံကြည်မှု အပြည့် အဝရှိကြပြီးလျှင် ထိုကဲ့သို့ ကံ,ဉာဏ်,ဝီရိယ သုံးဌာနတွင် နိမ့်ကျ မရှိ ပကတိ ပြည့်စုံသော ဗုဒ္ဓကိုယ်တိုင် ဟောကြားပြသ, ဆုံးမ ညွှန်ကြားတော်မူခဲ့သော ပါရမီ ကုသိုလ်, မဟာကုသိုလ် ထိုထို များစွာ အဖြာဖြာကို ကောင်းစွာထိုက်ရိုက် အထိုက်အလျောက် မဖေါက်မပြန် အမှန်ထောက်ရှု ဉာဏ်စက္ခုဖြင့် ပြုစုပျိုးထောင် စွမ်းဆောင်နိုင်ကြစေသတည်း။

# (၄) ပါရမီဘုရားရှိခိုး

သဗ္ဗညုတံ သမ္ပာပုဏိ၊ ပူရေတွာ ဒသပါရမီ

သဗ္ဗာကာရဝိဇာနံတံ၊ အဟံဝန္ဒာမိသဗ္ဗဒါ။

ဒသပါရမီ ဒါန,သီလ, နိက္ခမနှင့်ဝီရိယ ပညာ သစ္စာ ခန္တီ, တလီမေတ္တာ အဓိဋ္ဌာန်ပါ ဥပက္ခာဟု ဆယ်ဖြာ စုပေါင်း အောင်ကြောင်းမင်္ဂလာ အဖြာဖြာကို ယူရေတွာ နောက်မဆုတ်တန်း မျှော်မှန်းရည်ရွယ် တကယ်ခြေလှမ်းဖြင့် ဖြည့်စွမ်းတော်မူခဲ့သောကြောင့် သဗ္ဗာကာရဝိဇာနံ ခြင်းရာအားလုံး သိမ်းကြုံးတွေ့ရာ အဖြာဖြာကို သေချာကောင်းမွန် ထူးချွန်မြဲခိုင် သိစွမ်းနိုင်သော သဗ္ဗညုတံ လောကုတ်လောကီ တလီ နည်းများ အစားကျဉ်းကျယ် အသွယ်သွယ်ကိုထယ်ထယ်ဝါဝါ ကောင်းစွာ သိမှု သဗ္ဗညုအဖြစ်သို့ သမ္ပာပုဏိ အရစ်ကျကျစနစ်ပြလို့မှု့ ဖြစ်သမျှရန်အပေါင်း ထောင်းထောင်းကြေ ထွင်းဖေါက်လျှက် အရှင်းရောက်တော်မူခဲ့လေပြီ။ တံသဗ္ဗညု ထိုသဗ္ဗညု ဉာဏ်မဟာကို မှန်မက္ခာယူနိုင်သည့် မူပိုင်ရှင်အစစ် ဓမ္မရာဇ်ထွဋ်ထား မြတ်ဘုရားကို သဗ္ဗရာ နေ့ရောညရော သောသောဆူညံ နာရီသံမတိမ်း အခါခပ်သိမ်းသာလျှင် အဟံ-ရုပ်နာမ်နှစ်ရပ် ပေါင်းစပ်ယှဉ်တွဲ ထိုဖြစ်မြဲကို မလွဲအောင်ပင် ပညတ်တင်သည့် လူရှင်မှည့်ခေါ် တပည့်တော်သည်ဝန္ဒာမိ ကိုယ်, နှုတ်,စိတ်ပါ သုံးဖြာဒွါရ ပဏာမဖြင့် ဂါရဝညွှတ်ကျိုး လက်အုပ်မိုး၍ ရှိခိုးကန်တော့လိုက်ပါ၏မြတ်စွာဘုရား

# (၈) မေတ္တာသံ

မဟာ ကာရုဏိကော နာထော၊ ဟိတာယ သဗ္ဗပါဏိနံ

ပူရေတွာ ပါရမီ သဗ္ဗာ၊ ပတ္တော သမ္ဗောဓိ မုတ္တမံ

ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိတေ ဟောတု သဗ္ဗဒါ

မဟာကာရုဏိကော- ဝေနေယျအဖြာဖြာ သတ္တဝါ အနန္တမှန် သမျှတို့အား သားတော်ရာဟုလာ ထားမျှော်စရာ ဥပမာ ယခု အခါ ဂရုဏာခေါ်ကြွား သနားစေတနာ ပြည့်စုံစွာထသော၊ နာထော- ကမ္ဘာသူကမ္ဘာသားတို့ ဘာမဟူ တခါသွားဘို့ အားထင်း မှီခို ဗဟိုအရှင်ဘုရားသခင်သည်၊ သဗ္ဗပါနိနံ-ကြီးကြီး ရွယ်ရွယ်,ငယ်ငယ်, လပ်လပ်, အရပ်ရပ်စုရုံး သတ္တဝါ အားလုံးတို့၏၊ ဟိတာယ-ဟိတံ ကာတုံ-မျက်မှောက်နောက်ကွယ် နှစ်သွယ်စီးပွား ဖြစ်စေအားဘို့ ထင်ရှားစေကန် အမှန်ပင်ပြုခြင်းငှါ၊ သဗ္ဗာပါရမီ, ဒါနပါရမီ,သီလပါရမီ, နိက္ခမပါရမီ, ပညာပါရမီ, ဝီရိယပါရမီ, ခန္တီပါရမီ,သစ္စာ-မိဋ္ဌာ,မေတ္တာ, ဥပေက္ခာ-ဆယ်ဖြာ ပင်ကိုယ် ဆိုထိုဆင့်ပွား အပြားသုံးဆယ် ကျယ်ကျယ်ပြန့်ပြန့် အကန့်ကန့်သော ပါရမီတော်တို့ကို၊ ပူရေတွာ—လိုလေသေးမရှိရအောင် အပိုတွေ တဖွေးဖွေးနှင့် အေးအေး မြေ့သီး ပြည့်ဆည်းတော် မူခဲ့သော ကြောင့်၊ -ဥတ္တမံ-အမြတ်တကာ့ ရှေ့သွား အမြတ်တရားကြီး ဖြစ်သော၊ သမ္ဗောဓိ-သစ္စာလေးဆိုင် မြတ်ပန်းခိုင်ကို လှမ်းကိုင်ဆွတ်ချူ၊ အရယူလျှက် မှုမပျက် အရပ်တခွင် ရှုနိုင်သည့် သဗ္ဗညု အပိုင်အောင်မှတ်တိုင်ကြီးသို့၊ ပတ္တော-စီမံကိန်း အတိုင်း မဆိုင်းမတွ ဒကန္တရောက်တော်မူလေပြီ။ ဧတေန သစ္စဝဇ္ဇေန- ဤဆိုခဲ့ပြီးသော

စကားအတိုင်း ပိုင်းပိုင်း,ခြားခြား အမှန်စကားကြောင့် ဘေး
သူရော ငါပါသတ္တဝါထွေထွေများဝေနေတို့အား၊ သမ္ဗဒါ နေ့ရော
ညဉ့်ပါ ဘယ်ခါမပြတ်ဒလစပ်သာလျှင်၊သောတ္တိ ကျန်းကျန်းမာမာ
ချမ်းချမ်းသာသာ လန်းလန်းဖြာဖြာ ဝမ်းပန်းတသာ၊ ဟောတု မြေ
ကြီး လက်ခတ် မလွဲအပ်သည့် ထက်ချပ်မကွာ ဖြစ်ကြပါစေ
သတည်း။ ။

ဤတွင်အညီ ပါရမီ အလင်းရောင်
ထုတ်ဆောင်ဟောကြား-ရေးသားစီကုံး
အဆုံးတွင်ရပ် အပြီးသတ်၏။

—✦—

# ငွေဒါနကုသိုလ်ရှင်များ

| အမှတ်စဉ် | အမည် | နေရပ် | စာအုပ်ရေ |
|---|---|---|---|
| ၁။ | နာယကဆရာတော် | ပုဗ္ဗာရုံကျောင်း | ၁၀၀ |
| ၂။ | ရဟန်းအမကြီး ဒေါ်စံကြွယ် | ရွှေတောင်တန်းရန်ကုန် | ၁၀၀ |
| ၃။ | ရဟန်းအမကြီး ဒေါ်တင် | ။ | ၁၀၀ |
| ၄။ | ဦးကုမာရ | ပုဗ္ဗာရုံကျောင်း | ၅၀ |
| ၅။ | ရဟန်းဒါယကာ ဦးစံတင်၊ဒေါ်ညွန့် | ရဲစုတောင်ပိုင်း | ၅၀ |
| ၆။ | ရဟန်းဒါယကာဒေါ်သင်းအုံ | ။ | ၅၀ |
| ၇။ | ။ ကိုခင်မောင်၊ မရီ | ၇ မိုင်၊ ရန်ကုန် | ၅၀ |
| ၈။ | ဦးသောဘိတ(၁) | ပုဗ္ဗာရုံကျောင်း | ၁၀ |
| ၉။ | ဦးစိန်ထွန်း | ပဲခူးလမ်း | ၁၀ |
| ၁၀။ | ဦးသောဘိတ(၂) | ပုဗ္ဗာရုံကျောင်း | ၅ |
| ၁၁။ | ဦးဝါယမ | ။ | ၅ |
| ၁၂။ | ဦးကျော်သောင်း | လမ်းဆုံပိုင်း | ၅ |
| ၁၃။ | ကိုချို | ။ | ၅ |
| ၁၄။ | ဒေါ်ကြည် | ရုပ်ရှင်ရုံ | ၅ |
| ၁၅။ | ဒေါ်ငွေသင် | ရန်ကုန် | ၅ |

| | | | |
|---|---|---|---|
| ၁၆။ | ဦးဘခင် | ပြည်လမ်း | ၅ |
| ၁၇။ | ဦးချစ်မောင် | ရွာမ | ၅ |
| ၁၈။ | ဦးထွန်းမောင် | ဒု စံပြ | ၅ |
| ၁၉။ | ကိုချစ်လှိုင်၊ မတင်ဦး | ဘောလုံးကွင်း | ၅ |
| ၂၀။ | ဦးသောင်း | ရွာမ | ၅ |
| ၂၁။ | ကိုအေးမောင် | ရန်ကုန် | ၅ |
| ၂၂။ | ကိုစံလှ | ရွာမ | ၅ |
| ၂၃။ | ကိုညွန့်ခင် | ရွာမ | ၅ |
| ၂၄။ | မောင်ညိုကြီး | ရွာမ | ၅ |
| ၂၅။ | ကျောင်းသူကျောင်းသားများ | ပုဗ္ဗာရုံမူလတန်းကျောင်း | ၅ |
| ၂၆။ | ဦးမြကြည် | လမ်းဆုံပိုင်း | ၃ |
| ၂၇။ | ကိုငြိမ်းမောင် | ကေရာဇ် | ၃ |
| ၂၈။ | ဦးဘီတန် | ။ | ၃ |
| ၂၉။ | ဦးဘိုးတုတ် | ပဲခူးလမ်း | ၃ |
| ၃၀။ | ဒေါ်အုန်းကြည် | ပထမ စံပြ | ၃ |
| ၃၁။ | ဦးဘိုးကောင်း | ကေရာဇ် | ၃ |
| ၃၂။ | ဦးသာခင် | ။ | ၃ |
| ၃၃။ | မသန်းကြည် | ပဲခူလမ်း | ၂ |
| ၃၄။ | ဦးယူကင်း | စိန်ရွှေကုန်း | ၂ |
| ၃၅။ | ဒေါ်ငွေထွန်း | ရွာမ | ၂ |
| ၃၆။ | ဒေါ်သိန်းမြ | ။ | |
| ၃၇။ | ဦးကောသလ္လ | | ၃၇၄ |